ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ အင်္ဂါနေ့၊ (17-5-2005)(၄၅၉၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးတွင် စည်ပင်သာယာရေးဝန်ထမ်းများအနေဖြင့် ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ထမ်းဆောင်

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အနက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် မေ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (စည်ပင်သာယာရေးဦးစီးဌာန) စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်း အမှတ်(၂၄၅)ရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး ကျေးလက်ဒေသ အကောင်းဆုံးမြို့နယ်ဆု၊ မြို့သာယာလှပရေး အကောင်းဆုံးမြို့နယ်ဆုနှင့် အကောင်းဆုံး စံပြမြို့နယ်ဆုရရှိကြသော မြို့နယ်များအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေး သုံးပါးသည်သာလျှင် မှန်ကန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြစ်။

★ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ယူလုပ်ဆောင်နေကြသော စည်ပင်သာယာရေးဝန်ထမ်းများအနေဖြင့် ဒေသအလိုက်၊ ကဏ္ဍအလိုက် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အမျိုးသားနိုင်ငံရေး အသိစိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (စည်ပင်သာယာရေးဦးစီးဌာန) စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၁၇-၅-၂၀၀၅
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုဖြင့် ကာကွယ်စောင့်ရှောက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက သတင်းစာရှင်းလင်းပွဲ(၄/၂၀၀၅)ကို မေလ ၁၅ ရက်နေ့က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားငွေသုံးစွဲမှုနှင့် ပတ်သက်ပြီး သိရှိလိုက်ရမည့် အချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည် ယာယီအစိုးရဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သောနိုင်ငံထူထောင်ကြောင်း ကြေညာခြင်းနှင့်အတူ ရှက်ဆစ်ဦးစီး SSA၊ KNU၊ KNPP၊ NCUB၊ NCGUB၊ ABSDF စသည့် အကြမ်းဖက် အဖျက်သမားအဖွဲ့များပူးပေါင်းပြီး ပြည်သူလူထုအပေါ် မလိမ့်တပတ် အဓမ္မလုပ်ရပ်၊ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ အချိန်ကိုက် ကျူးလွန်နေခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း အကျယ်တဝင့် ထုတ်ဖော်ရှင်းလင်းသွားသည်။

ပြည်ပြေးစဝ်ခမ်ဖတို့၏လုပ်ရပ်သည် ယခုမှပေါ်ပေါက်လာသော သီးခြားလုပ်ဆောင်လာသည့် လုပ်ရပ်မဟုတ်ဘဲ ပြည်ပအားကိုးပြီး ပြည်ပကစီမံညွှန်ကြားသည့်အတိုင်း အစဉ်တစိုက် လုပ်ကိုင်လာခဲ့သည့် လုပ်ရပ်များ၏ အဆက်သာဖြစ်သည်။ အဆိုပါ ပြည်ပြေးများ၏ ပြည်ထောင်စုဖြိုခွဲရေးစီမံချက်သည် ရှက်ဆစ်ဦးစီး SSA၊ SNLD နှင့် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် သီးခြားနိုင်ငံ ထူထောင်ရေးစီမံချက်၏ အပိုင်းတစ်ပိုင်းသာဖြစ်ကြောင်း တွေ့ရသည်။

ပြည်ပဆရာကြီးများနှင့် အကြမ်းဖက်သမားအုပ်စုများ၏ စီမံချက်တစ်ခုလုံးကိုသုံးသပ်ကြည့်လျှင် နိုင်ငံတော်အစိုးရကို မြေပေါ်၊ မြေအောက်၊ ပြည်ပြေးတို့ သုံးဖက်သုံးတန် ညှပ်တိုက်ပြီး ၎င်းတို့၏ရည်မှန်းချက်များ အောင်မြင်စေရေး ရည်ရွယ်လုပ်ဆောင်လာကြောင်း တွေ့ရှိရသည်။

မြေပေါ်တိုက်ခိုက်ရေးအစီအမံမှာ ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီဖွဲ့စည်းရန်၊ ၎င်းဖွဲ့စည်းပြီးပါက ကျန်ပြည်နယ်ခြောက်ခုတွင်လည်း အလားတူ အတိုင်ပင်ခံကောင်စီများဖွဲ့စည်းကာ ထိုကောင်စီများက နိုင်ငံတော်အစိုးရအား နိုင်ငံရေးနည်းဖြင့် တောင်းဆိုတိုက်ခိုက်ရန် ရည်ရွယ်ထားသည်ကို တွေ့ရသည်။

မြေအောက်တိုက်ခိုက်ရေးအစီအမံမှာ မြေပေါ်အစီအမံနှင့် တစ်ပြိုင်တည်း အကြမ်းဖက်သမားအဖွဲ့များဖြစ်သည့် ရှက်ဆစ်ဦးစီး SSA၊ KNU၊ KNPP၊ NCUB၊ NCGUB၊ ABSDF နှင့် အပေါင်းပါအဖွဲ့များက နိုင်ငံတော်အစိုးရနှင့် ပြည်သူများကို စစ်ရေးအရရော အကြမ်းဖက်နည်းအရပါ တစ်ပြိုင်တည်းတိုက်ခိုက်ပြီး တိုင်းပြည် မငြိမ်မသက်ဖြစ်စေရန် လုပ်ဆောင်ရေးဖြစ်သည်။

ပြည်ပြေးတိုက်ခိုက်ရေးအစီအမံမှာ မြေပေါ်၊ မြေအောက် အစီအမံများနှင့်တစ်ပြိုင်တည်း ပြည်ပြေးစဝ်ခမ်ဖတို့က ရှမ်းပြည်နယ်အစိုးရဖွဲ့စည်းကာ လွတ်လပ်သောရှမ်းပြည် ထူထောင်ကြောင်း ကြေညာတိုက်ခိုက်ရန်အပြင် ကျန်ပြည်နယ် ခြောက်ပြည်နယ်ရှိ အတိုင်ပင်ခံကောင်စီများကလည်း စဝ်ခမ်ဖတို့နည်းတူ ကြေညာ တိုက်ခိုက်ရန် ဖြစ်ကြောင်း တွေ့ရသည်။

ယင်းသို့ နိုင်ငံတော်ကို မြေပေါ်၊ မြေအောက်၊ ပြည်ပြေး သုံးဖက်သုံးတန် ညှပ်တိုက်မည့်အစီအမံကို ပြည်ပဆရာကြီးများ၏ အကြံဉာဏ်၊ ငွေကြေး၊ ပစ္စည်း၊ နည်းပညာပံ့ပိုးမှုများဖြင့် ပေါင်းစပ်လုပ်ဆောင်လာသော်လည်း နိုင်ငံတော်က အချိန်မီ တားဆီးကာကွယ်နိုင်ခဲ့သည်။ ယခုကဲ့သို့ ပြည်ပြေးစဝ်ခမ်ဖတို့၏ ပြည်ထောင်စုဖြိုခွဲရေး မလိမ့်တပတ်လုပ်ရပ်များကို နိုင်ငံတော်က ဖော်ထုတ်တားဆီး ကာကွယ်နိုင်ခြင်းအပေါ် ကျန်ပြည်ပြေး အဖျက်သမားများက ကျေနပ်မှုမရှိသဖြင့် ဖောက်ခွဲဖျက်ဆီးမှုများနှင့်အတူ အကြမ်းဖက် အဖျက်လုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ယနေ့မြန်မာနိုင်ငံတွင် နိုင်ငံတော်၏ ဘေးအန္တရာယ်မှန်သမျှကို တားဆီးတွန်းလှန်ချေမှုန်းနိုင်သည့် စစ်ရေးအင်အား ရရှိနေပြီဖြစ်သည်။ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာသည့် စီးပွားရေးစွမ်းအားလည်း ရရှိနေကြောင်းတွေ့ရသည်။ တစ်ချိန်တည်းတွင် နိုင်ငံရေးတည်ငြိမ်မှုလည်း ရရှိနေပြီဖြစ်ပေသည်။

သို့ဖြစ်ရာ ပြည်ပြေးအဖျက်သမားများက ပြည်ပဆရာကြီးများ၏ ငွေကြေး၊ ပစ္စည်း၊ နည်းပညာပံ့ပိုးမှုများဖြင့် နိုင်ငံတော်နှင့်ပြည်သူများ ဆင်းရဲဒုက္ခရောက်စေရန် မည်သို့သော အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ကြံဖန်တီး လုပ်ဆောင်နေကြစေကာမူ နိုင်ငံတော်အစိုးရနှင့် ပြည်သူတစ်ရပ်လုံးက နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ညီညီညွတ်ညွတ် ခိုင်ခိုင်မြဲမြဲ လက်တွဲပူးပေါင်းလျက် နိုင်ငံတော်ကို ထာဝရ ကာကွယ်စောင့်ရှောက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ကြက်ငှက်တုပ်ကွေးကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် အာရှနိုင်ငံများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့တိုက်တွန်း

ဟန္နိုင်း မေ ၁၅

ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် နိုင်ငံတကာဆက်သွယ်ရေး ကွန်ရက်တစ်ခု တည်ဆောက်ရန် အာရှနိုင်ငံများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က ပြုလုပ်သော ဆွေးနွေးပွဲတွင် တိုက်တွန်းဆော်ဩလိုက်သည်။ ထိုကြက်ငှက်တုပ်ကွေးရောဂါကို ပိုမိုထိန်းချုပ်နိုင်ရန် နိုင်ငံအချင်းချင်း ရောဂါဆိုင်ရာ သတင်းအချက်အလက်များနှင့် အတွေ့အကြုံများ လဲလှယ်ခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကမကထပြုလုပ်သည့် သုံးရက်ကြာ ဆွေးနွေးပွဲတွင် လူသားများအတွက် ကြက်ငှက်တုပ်ကွေးဆိုင်ရာ စီမံဆောင်ရွက်မှုနှင့် သုတေသန ပြုလုပ်ရေးကိစ္စများကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါရောဂါကူးစက်ပြန့်ပွားမှု နည်းလမ်းများကို လေ့လာခြင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ဝေဒနာသည်များအတွက်လည်း နည်းစနစ်တကျ ကုသစောင့်ရှောက်ခြင်းတို့ကိုလည်း နိုင်ငံများက ပိုမိုအလေးထားဆောင်ရွက်သင့်သည်ဟုအစည်းအဝေးတက်ရောက်သော ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်ဟု ဗီယက်နမ်သတင်းဌာနက သောကြာနေ့ သတင်းတွင်ဖော်ပြသည်။

၂၀၀၃ ခုနှစ် နှောင်းပိုင်းအချိန်၌ အာရှတွင် လူ ၉၂ ဦး အဆိုပါ ရောဂါကူးစက်ခဲ့ပြီး ထိုအထဲမှ ၅၂ ဦး သေဆုံးခဲ့ရသည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင်ဗီယက်နမ်နိုင်ငံ၌လည်းကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်မှုကြောင့် လူ ၇၁ ဦးရောဂါကူးစက်ပြီး၊ ၎င်းတို့အထဲမှ ၃၆ ဦး သေဆုံးခဲ့ရသည်။

ဆေးရုံမှဆင်း

ဗီယက်နမ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား၍ သုံးလနီးပါး ကုသမှုခံယူပြီးနောက် ထိုလူနာသည် ဆေးရုံမှ ဆင်းခွင့်ရသွားပြီဖြစ်သည်။ ထိုဆောင်ရွက်ချက်များကြောင့် ကြက်ငှက်ရောဂါ ကုသရေးတွင် ဗီယက်နမ်နိုင်ငံသည် အောင်မြင်မှုမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် မကြာမီကာလ၌ ပြည်သူများကို ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေး စမ်းသပ်ထိုးပေးရန် စီစဉ်ဆောင်ရွက်နေသည်။ ထိုအစီအစဉ်ကြောင့် လာမည့်နှစ်အစောပိုင်းတွင် ကာကွယ်ဆေးများကို အလုံးအရင်းဖြင့် ထုတ်လုပ်ရန် မျှော်လင့်ကာ ဆောင်ရွက်လျက်ရှိကြသည်။

ကာကွယ်မှုပေး

ယင်းကာကွယ်ဆေးကို တိရစ္ဆာန်များနှင့်စမ်းသပ်ရာ တိရစ္ဆာန်များကို ထိရောက်စွာ ကာကွယ်မှုပေးနိုင်ကြောင်း တွေ့ရှိခဲ့ရသည်။

ပါဝင်

အဆိုပါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆွေးနွေးပွဲသို့ ကျန်းမာရေးဆိုင်ရာ အရာရှိ ၁၀၀နှင့် အခြားနိုင်ငံများမှ ကျွမ်းကျင်ပညာရှင်တို့လည်း တက်ရောက်ခဲ့ကြသည်။ ထိုဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော နိုင်ငံများတွင် တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာနှင့် ဗီယက်နမ်တို့ ပါဝင်သည်။

အမ်အင်အေ၊ ဆင်ပွား။

တရုတ်နိုင်ငံရှိ အယ်လ်ကာလိုင်းစက်ရုံ စတင်ထုတ်လုပ်မည်

ကျီနင် မေ ၁၅

တရုတ်နိုင်ငံ၏ အကြီးဆုံးသော အယ်လ်ကာလိုင်းစက်ရုံ ဖြစ်သည့် ကျင်ဟိုင်းအယ်လ်ကာလိုင်းစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်သည် လာမည့်လတွင် ကုန်ထုတ်လုပ်မှု စတင်မည်ဖြစ်ကြောင်း ကုမ္ပဏီပြောခွင့်ရသူတစ်ဦးကပြောကြားသည်။

ယခုနှစ်ကုန်ထက် နောက်မကျဘဲ အယ်လ်ကာလိုင်းတန်ချိန် ၂၅၀၀၀၀ ထုတ်လုပ်ရန် မျှော်မှန်းထားသည်။ ယင်းစက်ရုံမှာ ကျင်ဟိုင်းပြည်နယ် အနောက်မြောက်ပိုင်းရှိ တီလင်ဂါမြို့တွင် တည်ရှိသည်။

အမ်အင်အေ၊ ဆင်ပွား။

အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် တောင်ကိုရီးယားအစိုးရ ရင်းနှီးမြှုပ်နှံမည်

ဆိုးလ် မေ ၁၅

တောင်ကိုရီးယားအစိုးရသည် ယခုနှစ်တွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကို ကူညီရန်အတွက် ဝမ် ၇၃၄ ဒသမ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၃၄ ဒသမ ၂သန်း) ရင်းနှီးမြှုပ်နှံရန်စီစဉ်လျက်ရှိကြောင်း ယွန်ဟပ်သတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။

ကိုးကား

ယင်းငွေများကို ဝန်ကြီးဌာန ကိုးဌာနနှင့် ကုမ္ပဏီခြောက်ခု၏ သုတေသနနှင့် တီထွင်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လျာထားကြောင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ ညွှန်ကြားမှုဌာန၏ ပြောကြားချက်ကိုကိုးကားလျက် ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။

ပိုမိုရရှိ

ယခုရန်ပုံငွေသည် ၂၀၀၃ ခုနှစ်က အသေးစားကုမ္ပဏီများ၏ သုတေသနနှင့်တီထွင်မှု လုပ်ငန်းများအတွက် လွှဲပြောင်းပေးသော ဝမ် ၆၆၂ ဒသမ ၄ ဘီလီယံထက် ၁၀ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုရရှိခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် မကြာမီနှစ်များက အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ နည်းပညာ ဖွံ့ဖြိုး တိုးတက်မှုကိုအထောက်အကူပြုရန် ကြိုးပမ်းအားထုတ်ခဲ့ကြောင်းသိရသည်။

အမ်အင်အေ၊ ဆင်ပွား။

ထိုင်းစီးပွားရေး တိုးတက်စေရန် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမည်

ဗန်ကောက် မေ ၁၅

ထိုင်းနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ဖွဲ့စည်း မှုဆိုင်ရာ အပြောင်းအလဲများ ပြုလုပ်ခြင်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးတွင် တိုးချဲ့ ရင်းနှီးမြှုပ်နှံခြင်းနှင့် လာဘ်စားမှုများကို တိုက်ဖျက်ခြင်း အားဖြင့် ၂၀၀၅ ခုနှစ်တွင် နိုင်ငံ၏ စီးပွားရေးကို ၅ ရာခိုင် နှုန်းထက်မနည်း တိုးတက်လာစေရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်က အာမခံချက်ပေးခဲ့သည်။

ထိုင်း ဝန်ကြီးချုပ်က မေ ၁၂ရက်တွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ၌ အထက်ပါ အာမခံချက်ကို ပေးခဲ့ခြင်းဖြစ်သည်။ ဖော်ပြပါ လုပ်ဆောင်မှုများကို လုပ်ဆောင်နေချိန်တွင် ဝန်ဆောင်မှုကဏ္ဍ၌ လူ့အရင်းအမြစ်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတိုးတက်ပြုလုပ်ခြင်း၊ ပစ္စည်းအရည်အသွေး တိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် သတင်းနည်းပညာဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်းများကိုပါ ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်ဟု ဆိုသည်။

ကွန်ပျူတာအွန်လိုင်းစနစ်ကို တိုးချဲ့အသုံးပြုကာတင်ဒါဆွဲခြင်း၊ လေလံဝယ်ယူခြင်းများပြုလုပ်ခြင်းအားဖြင့် လာဘ်စားမှုများကို ရှောင်ရှားနိုင်ကြောင်း ထိုင်းဝန်ကြီးချုပ်က နည်းလမ်းညွှန်ပြ ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံ၏လောင်စာသုံးစွဲမှုပမာဏကို နိုင်ငံ့ဂျီဒီပီ၏ ၁ ရာခိုင်နှုန်းအထိ လျှော့ချသွားနိုင်အောင် ကြိုးပမ်းသွားကြရန်ပါ ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ထိုအစီအစဉ်များအရ ထိုင်းနိုင်ငံသည် ဧရာမ စီမံကိန်းကြီးများတွင် လာမည့်လေးနှစ်အတွင်း နှစ်စဉ်အမေရိကန်ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံ မြှုပ်နှံသွားမည်ဟု ဆိုသည်။

ထိုင်းနိုင်ငံ၏ သာမန်ငွေစာရင်းတွင် လိုငွေ အမေရိကန်ဒေါ်လာလေးဘီလီယံ ဖြစ်ပေါ်လာနိုင်ကြောင်း ဗဟိုဘဏ်က ခန့်မှန်းထားသည်။ ထိုလိုငွေ ပမာဏမှာ များပြားလှသည် မဟုတ်သည့်အပြင် ရင်းနှီးကုန်ပစ္စည်းများ ပြည်ပမှတင်သွင်းမှုကြောင့် ယခုကဲ့သို့ လိုငွေဖြစ်ပေါ်ရခြင်းဖြစ်ရာ စီးပွားရေးသမားများ အနေဖြင့် အထူးတလည် စိုးရိမ်စရာ မရှိကြောင်း ထိုင်းဘဏ္ဍာရေးဝန်ကြီး စွမ်ကစ်ဒ်ဂျာတူစရိပိတပ်ဂ်က အခြေအနေကို ရှင်းလင်းပြောကြားခဲ့သည်။

အမ်အင်အေ၊ ဆင်ပွား။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ်လုပ်ငန်းသင်တန်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် မေ ၁၆

ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်းသင်တန်း(အရာရှိအဆင့်)သင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ်များကြီးကြပ်ရေးကော်မတီဝင်များ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းပို့ချသည့် ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းသား ၄၃ဦး

အဆိုပါသင်တန်းကို နှစ်လကြာသင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသို့ နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား ၄၃ဦး တက်ရောက်ကြသည်။

(သတင်းစဉ်)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ငမိုးရိပ်ရေပေးဝေရေးစီမံကိန်း စစ်ဆေး

ရန်ကုန် မေ ၁၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ရန်ကုန်မြို့တော်နေပြည်သူများ သန့်ရှင်းကြည်လင်သည့် သောက်သုံးရေများ ယခုထက် ပိုမိုဖြန့်ဖြူးပေးဝေနိုင်ရန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့နံနက်က သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည်ရန်ကုန်တိုင်း မှော်ဘီမြို့နယ်အထယုကျေးရွာအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)လုပ်ငန်းခွင်သို့ နံနက်စနာရီတွင်ရောက်ရှိလာရာကော်မတီဝင်များဖြစ်ကြသော ဗိုလ်မှူးကြီး အောင်သန်းဝင်း၊ဗိုလ်မှူးကြီးကျော်စိုး၊ဗိုလ်မှူးကြီးညီညီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူးဦးသောင်းရင်၊စစ်ဆေးရေးဌာန ဌာနမှူးဦးဇော်ဝင်းနှင့် စီမံကိန်းလုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာများကကြိုဆိုကြပြီးစီမံကိန်းဝင်းအတွင်းလုပ်ငန်းဆောင်ရွက်နေမှုများကိုလိုက်လံရှင်းလင်းတင်ပြကြသည်။ **(အောက်ပုံ)**

ရှင်းလင်းတင်ပြ

မြို့တော်ဝန်အား ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)လုပ်ငန်းများဖြစ်သည့် ရေတွန်းစက်ရုံမှ စတင်ပို့လွှတ်မည့် ၅၆လက်မအချင်းရှိသံမဏိရေပိုက်များအား စက်ယန္တရားများဖြင့်ဆက်သွယ်နေမှု၊အထယုချောင်းဖြတ်ရေခေါက်တူးမြောင်းအား စက်ယန္တရားများဖြင့်ဆောင်ရွက်နေမှု၊ အကြိုအနယ်ထိုင်ကန်၊ အနယ်ထိုင်ကန်၊ သဲရေစစ်ကန်၊ ရေစုကန်နှင့် ရေတွန်းစက်ရုံ တည်ဆောက်နေမှု၊ ဓာတ်အားခွဲရုံမှ လျှပ်စစ်မီးရရှိမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်တွင် မြို့တော်ဝန်က စီမံကိန်းနှင့်ဆက်နွှယ်သည့်လုပ်ငန်းများအားလုံး အချိန်နှင့်တစ်ပြေးညီပြီးစီးစေရန်၊ လုပ်ငန်းများအားလုံးကိုတာဝန်ရှိသူများကအဆင့်ဆင့်ကြပ်မတ် တွန်းအားပေးဆောင်ရွက်ရန်၊ မြို့တော်နေပြည်သူများသန့်ရှင်းကြည်လင်သည့် သောက်သုံးရေများ ပိုမိုရရှိစေရန်ဆောင်ရွက်သည့်လုပ်ငန်းဖြစ်၍စေတနာထားကာ စနစ်တကျ အထူးကြိုးပမ်းဆောင်ရွက်ရန်မှာကြားသွားသည်။

(၁၉)



နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၇၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁၆

ပြန်ကြားရေးဝန်ကြီးဌာနကကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၇၃)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**



ကြည်အောင်(ကေတုမတီ)၊ ကို(တက္ကသိုလ်)၊ နယဉ်၊ ကေတုနီလာ၊ စလင်းဘုန်းကျော်၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မောင်စောထွန်း(ကျောင်းကုန်း)၊ ပုရစ်ဖူး(မင်းလှ)၊ တိုးဝေ၊ ဓာနည်၊ စုလျား(ဖျာပုံ)၊ ကျင်ဝင်းငြိမ်း(မအူပင်)တို့၏ကဗျာများ၊စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာ မတင်ဝင်း၊ မြင့်သိန်းအောင်၊ ချစ်နိုင်(စိတ်ပညာ)၊ ပခုက္ကူဦးအုံးဖေ၊ ထီလာစစ်သူ၊ ဗိုလ်ကလေးတင့်အောင်၊ ချောင်းဦး မောင်စန္ဒာ၊ မြင်းမူ မောင်နိုင်မိုး၊ မောင်ကြည်မော်(စကု)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ တက္ကသိုလ်သခ်၊ ဒေါ်မိမိလေး (မန်းတက္ကသိုလ်)၊ သန်းဝင်းရှိန်၊ သင်းသင်းမြတ်၊ မင်းရဲသခ်၊ ကျော်ဇေယျဟိန်း (ဒေါပုံ)၊ မောင်ချစ်ကြည်၊ ဦးကျော်စိန်၊ တက္ကသိုလ်စိုးယဉ်တို့၏ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မောင်သော်မော်၊ သာစုမြေဘုန်းရှိန်၊ ရွှေဘိုဘာမထိခင်အောင်၊ မမ(တရားရေး)၊ ပုသိမ်အောင်သန်းဦး၊ ကိုဇော်ဌေး၊ ခင်စုဝင်းကြည်(သီပေါ)၊ ပြေအေး(မြင်းမူ)၊ ကိုသက်(ဓနိကုန်း)၊ တင်ဝင်း(ပညာရေး)၊ ထွန်းလူ(ပခုက္ကူ)တို့၏ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ စိုးစံ၊ စည်သူကျော်၊ ကချင်မြေငှက်ခါးတို့၏ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောဓလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ ရုပ်ရှင်ကဏ္ဍ၊ ပုံပြင်ကဏ္ဍ စုံလင်စွာတင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေး၊ပြည်၊မကွေး၊ သန်လျင်၊ကလော၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်၊ ကျိုင်းတုံ၊ လွိုင်ကော်မြို့နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၅-၂၀၀၅ (အင်္ဂါနေ့)

၇း၀၀။	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅။	တေးဂီတအစီအစဉ်
၇း၁၀။	ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စပါးခွံဓာတ်ငွေ့သုံးစက်
၇း၂၀။	ပြည်တွင်းသတင်းအကျဉ်း
၇း၂၅။	တေးဂီတအစီအစဉ်
၇း၃၀။	ရွှေစက်တော်ဘေးမှဲ့တော
၇း၄၀။	ဝါသနာရှင်စင်မြင့်
၈း၁၅။	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၀။	ဂမုန်းရေလှောင်တမံ
၈း၃၀။	တေးဂီတအစီအစဉ်
၈း၃၅။	ဖုန်ခါတံပြုလုပ်နည်းအဆင့်ဆင့်
၈း၄၀။	ပြည်တွင်းသတင်းအကျဉ်း
၈း၄၅။	Star Album
၉း၀၅။	တေးဂီတအစီအစဉ်
၉း၁၀။	အန္တရာယ်ကင်းဝေးဘေးကင်းရေး ကျန်းမာရေးဖြင့်သတိပေး
၉း၂၀။	မိုးလေဝသခန့်မှန်းချက်
၉း၂၅။	အိမ်ထောင်စုလူဦးရေစာရင်းနှင့်ပတ်သက်၍ သိကောင်းစရာများ
၉း၃၅။	တေးဂီတအစီအစဉ်
၉း၄၀။	နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ
၁၀း၁၀။	နိုင်ငံတကာသတင်းအကျဉ်
၁၀း၁၅။	တေးဂီတအစီအစဉ်
၁၀း၂၀။	အက်ဆီတလင်းဓာတ်ငွေ့စက်ရုံ
၁၀း၃၀။	သီးနှံရောဂါများကိုထိရောက်စွာကာကွယ်နှိမ်နင်းနည်းများ
၁၁း၀၀။	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ (၄)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) မြေစိုက်ပိုစတာ ချင်းပြည်နယ်ဟားခါးမြို့၌ စိုက်ထူ

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) မြေစိုက်ပိုစတာ စိုက်ထူခြင်းအခမ်းအနားကို ၂၀၀၅ ခုနှစ် မေ ၁၂ ရက် နံနက် ၇ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့ ဝမ္မသူးမောင်အားကစားကွင်း၌ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ ချင်းပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များ၊ ဟားခါးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှတို့က မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(သတင်းစဉ်)

ကွန်ပျူတာတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၆

ကွန်ပျူတာတက္ကသိုလ်တွင် ၁၉၈၆-၁၉၈၇မှ ၂၀၀၄-၂၀၀၅ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား၊ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို မေ ၂၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေများ ထည့်ဝင်လှူဒါန်းရန်နှင့် သင်ကြားပို့ချခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများသည် မြတ်ဆရာပူဇော်ပွဲသို့ ကြွရောက်နိုင်ရန်အတွက် ကိုအေးထွန်းလင်း ဖုန်း-၁၉၅၁၁-၉၁၁၇၊ မခိုင်ကျော့ကျော့စိန် ဖုန်း-၀၉-၅၁၂-၃၂၁၁၊ ကိုမျိုးမင်းအောင်ကျော် ဖုန်း- ၁၉-၅၀၀ ၉၅၅၂၊ ကိုကျော်ထွဋ်လင်း ဖုန်း- ၇၂၆၅၃၇ နှင့် ကိုဝင်းတိုး ဖုန်း- ၅၃၇၃၇၃ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က-ပ)

ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ရွှေရတု ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၏ ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ သောဘဏ၊ ပထမကျော်ဘွဲ့ရ ဘဒ္ဒန္တ စန္ဒဝရနှင့် ပရိယတ္တိသာသနာ့ပါလအသင်း နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၇နာရီခွဲတွင် အဆိုပါကျောင်းတိုက်အတွင်းရှိ အဘိဓဇ ဆွမ်းစားကျောင်း၌ကျင်းပသည်။

အခမ်းအနားသို့ အဘိဓဇ မဟာရဋ္ဌဂုရု ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သောဘဏ အမှူးပြုသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃ မဟာနာယက အဖွဲ့ အဖွဲ့ဝင် ဆရာတော်များနှင့် ပဉ္စင်းသံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရ အောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ အလှူရှင်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

အခမ်းအနားတွင် တိုင်းမှူးနှင့် ဧည့်ပရိသတ်တို့က အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သောဘဏ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အဘိဓဇမဟာရဋ္ဌဂုရု စစ်ကိုင်း သဇ္ဈနောဒယ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သဇ္ဈနာဘိဝံသ ဟောကြားတော်မူသော "သမ္မောဒနီယ သြဝါဒကထာ" ကို နာယူကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် တာဝန်ရှိသူများက ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အဘိဓဇဆွမ်းစားကျောင်း ဆောက်လုပ်ရန်အတွက် ဦးချစ်မွေး၊ ဒေါ်မြင့်မြင့်ရီ မိသားစုက ငွေကျပ်သိန်း ၄၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ ဒေါ်နီနီစိန်မိသားစု၊ ဗဟန်းမြို့နယ် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်၊ ဒေါ်ဖြူဖြူနှင့် ဦးထွန်းလှစိန်-ဒေါ်မြချစ် မိသားစုနှင့် ဦးတင်မောင်-ဒေါ်ပါးပါး (စန္ဒီ ပရဆေး မိသားစု)တို့က ငွေကျပ်တစ်သိန်းစီ စုစုပေါင်း အလှူငွေကျပ် ၄၃သိန်းကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံပြီး အနုမောဒနာ မှတ်တမ်းလွှာကိုပြန်လည်ပေးအပ်သည်။

လျှောက်ထား

ဆက်လက်၍ ပရိယတ္တိ သာသနာ့ပါလ အသင်းဥက္ကဋ္ဌ ဦးချစ်အေးက အသင်းကြီး၏ သာသနာရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ယင်းနောက် ဆင်ဖြူတောင် ဆရာတော် ဘဒ္ဒန္တဂုဏ္ဏိန္ဒက အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပါဠိ တက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သောဘဏ၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားလျှောက်ထားသည်။

ပူဇော်

ဆက်လက်၍ ဆရာတော် အရှင်သူမြတ်များအား တိုင်းသာသနာရေး ဦးစီးမှူး ဦးစံသင်းလှိုင်နှင့် တေးသံရှင်များက "ဂုဏပူဇာဂါထာ၊ ရတု၊ တေးထပ်" ဖြင့် ပူဇော်ကြသည်။ ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်ပရိသတ်တို့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

လှူဖွယ်ပစ္စည်းဆက်ကပ်

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ သောဘဏ၊ ပထမကျော်ဘွဲ့ရ ဘဒ္ဒန္တ စန္ဒဝရနှင့် ပရိယတ္တိ သာသနာ့ပါလ အသင်း နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဆရာတော်အရှင်သူ မြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဥက္ကလာပစေတီတော် ညောင်ရေသွန်းမည်

ရန်ကုန် မေ ၁၆

တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပ စေတီတော် အင်္ဂါထောင့်ရှိ မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်း ပွဲတော်ကို စေတီတော်ဂေါပကအဖွဲ့၏ သြဝါဒါစရိယ ဆရာတော်ကြီးများက ကဆုန်လပြည့်နေ့ နံနက် ၆နာရီတွင် ဗုဒ္ဓါဘိသေက အနေဇာတင်၍ ဖွင့်လှစ်မည်ဖြစ်ပြီး နံနက် ၇ နာရီမှ ည ၉ နာရီထိ ရဟန်းရှင်လူ ပြည်သူအများ ညောင်ရေသွန်းလောင်း နိုင်ကြောင်း သိရသည်။ (၆၄)

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါ၍ ရွှေညောင်-နမ့်စန် ရထားလမ်း၊ ပွန်ချောင်း-ဘန်းကျောက်-ထီပင်လမ်းပိုင်း ချိန်းအမှတ်(၁၃၀+၅၄၀)နှင့် (၁၃၀+၈၀၀)ကြား မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ရထား)

ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ပွန်ချောင်း-ဘန်းကျောက်-ထီပင်လမ်းပိုင်း စစ်ဆေး

ရန်ကုန် မေ ၁၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ရွှေညောင်-နမ့်စန် ရထားလမ်း၊ ပွန်ချောင်း-ဘန်းကျောက်-ထီပင် လမ်းပိုင်း ဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ မေ ၁၃ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိရာ ရှင်းလင်းဆောင်၌ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးက ရွှေညောင်-နမ့်စန် ရထားလမ်းမှ ပွန်ချောင်း-ဘန်းကျောက် လမ်းပိုင်းထပ်မံဖောက်လုပ်ပြီးစီးမှု၊ ဆက်လက်ဖောက်လုပ်ဆဲဖြစ်သော ဘန်းကျောက်-တောင်ကိုင်း-ထီပင် လမ်းပိုင်းဆိုင်ရာ အခြေအနေနှင့် ရထားလမ်းအမြန်ဖောက်လုပ်ပြီးစီးရေးအတွက် ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့မီးရထားမှ စီမံကိန်းဒါရိုက်တာ ဦးတင်စိုးက စက်သုံးဆီနှင့်ပစ္စည်းများ စုဆောင်းရရှိမှု၊ လုပ်ငန်းလိုအပ်ချက်အလိုက် ယန္တရားများ ဖြန့်ခွဲအသုံးပြုမှုနှင့် ထပ်မံရရှိမည့် ဇလီဖားနှင့် သံလမ်းများအား ဖြန့်ခွဲချထားမည့် အစီအမံတို့ကို တင်ပြပြီး ဒုတိယဝန်ကြီး ဦးဖေသန်းက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှုနှင့် လုပ်ငန်းတိုးတက်မှုမြန်ဆန်ရေးအတွက် ညှိနှိုင်းဆောင်ရွက်မှု အခြေ အနေများကို တင်ပြသည်။

ဖြည့်ဆည်းပေး

ထို့နောက်ဝန်ကြီးက စေတနာ အပြည့်အဝထားပြီး လုပ်ငန်းတွင်ကျယ် အောင် ဆောင်ရွက်ရေး၊ လုပ်ငန်း ပမာဏ ကြီးမားသည့်အလျောက် လုပ်ငန်းဆောင်ရွက်ရာတွင် ပေါ့ဆမှု မရှိဘဲ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းအောင်ဂရုပြုဆောင်ရွက်ရေး၊ ပြီးစီးသွားသည့်လမ်းပိုင်းအလိုက် ရထားများစမ်းသပ်ခုတ်မောင်း အသုံးပြုပြီး လမ်းပိုင်း မွမ်းမံထိန်းသိမ်းရေးတို့ကို မှာကြားပြီး လုပ်ငန်းအဖွဲ့များ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များကို ဖြည့်ဆည်း ပေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၄ရက်တွင် ပွန်ချောင်း-ဘန်းကျောက်-ထီပင် လမ်းပိုင်းဖောက်လုပ်မှုကိုလည်းကောင်း၊ ထပ်မံ ဖောက်လုပ်ပြီးစီးခဲ့သော ပွန်ချောင်း-ဘန်းကျောက်လမ်းပိုင်း ကိုလည်းကောင်း၊ လမ်းပိုင်းအလိုက် ကြံ့ခိုင်ရေး အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ရွှေညောင်-နမ့်စန် ရထားလမ်း ဖောက်လုပ်ရာတွင် ပွန်ချောင်း-ကောင်ဆိုင်းလမ်းပိုင်း ၂၇ဒသမ၅၀ မိုင် ဖောက်လုပ်ရန်ကျန်ရှိရာမှ ယခုအခါ ၂၃ ဒသမ ၇မိုင် ဖောက်လုပ်ပြီးစီးနေပြီး ၃ ဒသမ ၈ မိုင်သာ ဖောက်လုပ်ရန် ကျန်ရှိသည်။ ကျန်ရှိသော လမ်းပိုင်းကို သတ်မှတ်ချိန်အတွင်း အပြီးဖောက်လုပ်နိုင်ရေးအတွက် တပ်မတော်သားများနှင့် မြန်မာ့မီးရထားဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် နှိမ်နင်းရေးနှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက် ၃နှစ်မှ ၁၄နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်လျှင် ရင်သွေးငယ်များအသက်ဆုံးပါးသည်အထိဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါကြိုတင် ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသောခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန် မိမိတို့ ရင်သွေးငယ်များခြင်ကိုက် မခံရစေရန် အောက်ပါအတိုင်းဆောင်ရွက်ကြပါရန်နှိုးဆော်အပ်ပါသည်။

လိုက်နာရမည့်အချက်များ

- **(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။**
- **(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကိုနေ့စဉ်လဲလှယ်ပေးပါ။**
- **(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။**
- **(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်း လင်းပါ။**
- **(င) မိမိတို့အိမ်ရှေ့အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာကောင်းအောင်ရှင်းလင်းပါ။(လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။)**
- **(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သောမြေနိမ့်များကိုဖို့ပါ။**
- **(ဆ) အလင်းရောင်ရရှိရန်တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။**
- **(ဇ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းအောင်ထားပါ။**
- **(ဈ) ကလေးများနေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။ (အကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုး စသည်တို့ကို ဝတ်ဆင်ထားပေးပါ။)**

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

❍ ကာကွယ်ရေးမှ

ထိုမှတစ်ဆင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မုံရွာ စက်မှုဇုန်ရှိ သံရည်ကျိုနှင့် အကြီးစားပစ္စည်း ထုတ်လုပ်သည့်စက်ရုံသို့ ရောက်ရှိရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က စက်ရုံစတင်တည်ဆောက်ပုံ၊ စက်ရုံရင်းနှီးမြှုပ်နှံမှုနှင့် စက်ရုံတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ဝိုင်းဝန်းကြိုးပမ်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းများစီမံကိန်း ရည်မှန်းချက်အတိုင်း ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်မှာကြားပြီး တင်ပြချက်များ အပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စက်ရုံအတွင်း စက်ပစ္စည်း များ တပ်ဆင်ထားရှိမှု၊ ပစ္စည်းများရောက်ရှိမှုနှင့် စက်ရုံတည်ဆောက်ရေးလုပ်ငန်း များ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

❒ မိမိတို့နယ်မြေမှ

ဗမော်သုံးခွ လျှပ်စစ်မြစ်ရေတင် စီမံကိန်းဖြင့် ကျေးရွာအုပ်စု လေးအုပ်စု ကွင်းကိုးကွင်းရှိ လယ်ယာမြေ ဧက ၄၀၀၀ ကို နွေစပါးအပါအဝင် သီးထပ်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်မည် ဖြစ်သည်။

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့်အဖွဲ့သည် မေ ၁၅ရက် နံနက်ပိုင်းတွင် မြောင်းမြမြို့ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြောင်းမြစက်မှုဇုန် ကြီးကြပ်မှုကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ပံ့ပိုးကူညီမည်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် စိုက်ပျိုးရေးအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးကြောင်း၊ မြောင်းမြခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်း တိုးတက်မှုရှိသည့် ဒေသဖြစ်သဖြင့် ဆက်လက်ပြီး စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးရန် စက်မှုဇုန်ဖြင့်ဆောင်ရွက်နေကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းအခြေခံစက်မှုလုပ်ငန်းများ အပါအဝင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ဈေးကွက်ရှိသည့် စက်ကိရိယာများ ထုတ်လုပ်ကြရန်ဖြစ်ကြောင်း၊ မိမိဝန်ကြီးဌာနရှိ လုပ်ငန်း၊ ဌာနများရှိ စက်မှုအလုပ်ရုံများမှ ပံ့ပိုးကူညီမှုများ ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် မြောင်းမြမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက စက်မှုဇုန် မြေနေရာချထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွင်ဝင်းက စက်မှုဇုန်မှ စက်ကိရိယာပစ္စည်းများ ထုတ်လုပ်မှု အခြေအနေကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်မှုဇုန်လုပ်ငန်းရှင်များက ဝက်ဝွန်ကား၊ လူစီးကုန်တင်သုံးဘီးဆိုင်ကယ်၊ လက်တွန်းလယ်ထွန်စက်အမျိုးမျိုးနှင့် ပန်ကာကြေးသွန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ပူးပေါင်းဆောင်ရွက်

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက သွင်းကုန်အစားထိုး စက်ပစ္စည်းများထုတ်လုပ်ရေး၊ ဈေးကွက်ဝယ်လိုအား၊ ဒေသရှိပြည်သူများ လိုအပ်ချက်ဖြည့်ဆည်းပေးရေး၊ စံချိန်စံညွှန်းမီရေး၊ အခြားသော စက်မှုဇုန်များနှင့် ပူးပေါင်းဆက်သွယ်ဆောင်ရွက်ရေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်မှုဇုန် လယ်ယာသုံး စက်ပစ္စည်းအရောင်းခန်းမ၌စက်မှုဇုန်မှ ထုတ်လုပ်သော စက်ကိရိယာများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ရေ ၄၅ဂါလန်သယ်နိုင်၍ မီးငြိမ်းသတ်နိုင်သော တစ်နိုင်တစ်ပိုင် မီးသတ်ယာဉ်၏ လုပ်ငန်းစွမ်းဆောင်နိုင်မှု၊ စက်မှုလယ်ယာအလုပ်ရုံမှ ထုတ်လုပ်သော လက်တွန်းထွန်စက်၊ ဂီယာအိမ်၊ အင်ဂျင်၊ စက်မှုဇုန်မှ ထုတ်လုပ်သည့် CNG အင်ဂျင်၊ ဝက်ဝွန်ကား၊ လက်တွန်းထွန်စက်၊ စပါးခြွေစက်၊ ရိုးပြတ်နှင်းဘီး၊ စက်တုံး၊ ရိုးပြတ်ဖြတ်စက်၊ ရေယာဉ်ပန်ကာအမျိုးမျိုး၊ ရိတ်သိမ်းခြွေလှေ့စက်အမျိုးမျိုးကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မေ ၁၄ရက် ညပိုင်းတွင် ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်ရုံး၌ မြို့နယ် အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မေ ၁၅ရက် မွန်းလွဲပိုင်းတွင် မြောင်းမြမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခရိုင်ရုံး၌ ခရိုင်နှင့် မြို့နယ် အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့်တွေ့ဆုံရာ မြောင်းမြခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဌေးနိုင်က ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ ကျန်းမာရေးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့၏ အားများဖြင့် တည်ဆောက်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲများ၏ စေတနာပါ၍ မှန်ကန်သော လမ်းညွှန်မှုများကို လက်တွေ့ အကောင်အထည်ဖော်နိုင်မှုများကြောင့် နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်မှု ရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးထိပ်ပန်ဆင်၍ မိမိတို့နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများနှင့် အတူလက်တွဲပြီး တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများအပေါ် မနာလို၊ မရှုဆိတ်သည့် အဖျက်သမားများ၏ လုပ်ရပ်များကိုလည်း ပြည်သူများနှင့် လက်တွဲ၍ ပူးပေါင်းကာကွယ် တွန်းလှန်သွားရန် ရှင်းလင်းမှာကြားသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံကျင်းပ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် အဖွင့်အမှာစကားပြောကြား

ရန်ကုန် မေ ၁၆

တနင်္သာရီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)ကို မေ ၁၄ရက် နံနက် ၉နာရီတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ တနင်္သာရီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီအဖွဲ့ခေါင်းဆောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင် စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင်များ၊ မြိတ်ခရိုင်၊ ထားဝယ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အကြိုညီလာခံကိုယ်စားလှယ်များ၊ တိုင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အရန်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ညီလာခံပထမပိုင်း အစီအစဉ်အရ တနင်္သာရီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

(အပေါ်ပုံ)

လိုက်လံနှုတ်ဆက်

ထို့နောက် ညီလာခံပထမပိုင်းကို ခေတ္တရပ်နားပြီး ညီလာခံသို့ တက်ရောက်လာကြသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ကိုယ်စားလှယ်များအား တိုင်းမှူးနှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီအဖွဲ့ခေါင်းဆောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က တရင်းတနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ညီလာခံ ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ်ဒုတိယ ဗိုလ်မှူးကြီးသိန်းအောင်(အငြိမ်းစား)နှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် ဒုတိယဗိုလ်မှူးကြီးကြည်ဝင်း(အငြိမ်းစား)နှင့် ဒုတိယဗိုလ်မှူးကြီးကြည်စန်း(အငြိမ်းစား)တို့က ဆောင်ရွက်ကြပြီး အစီအစဉ်အရ သဘာပတိ ဒုတိယဗိုလ်မှူးကြီးသိန်းအောင်(အငြိမ်းစား)က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာကို ဗိုလ်မှူးစိုးလွင်(အငြိမ်းစား)နှင့် ဗိုလ်ကြီးမျိုးသန့်(အငြိမ်းစား)တို့က ဖတ်ကြားတင်သွင်းကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီးငါးရပ်အား တက်ရောက်လာသည့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးကြရာ အမျိုးသားနိုင်ငံရေးရာကဏ္ဍကို ဒုတိယဗိုလ်မှူးကြီးသိန်းစိုး(အငြိမ်းစား)က လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍကို ဗိုလ်မှူးအောင်မိုး(အငြိမ်းစား)က လည်းကောင်း၊ စီးပွားရေးကဏ္ဍကို ဗိုလ်မှူးဇော်ဝင်း(အငြိမ်းစား)က လည်းကောင်း၊ လူမှုရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းကဏ္ဍကို ဗိုလ်မှူးဝင်းမော်(အငြိမ်းစား)ကလည်းကောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍကို ဗိုလ်ကြီးဝင်းမြင့်ကျော်(အငြိမ်းစား)က လည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ တနင်္သာရီတိုင်း အကြိုညီလာခံ(၂၀၀၅)က ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်ငါးရပ်ကို အခမ်းအနားမှူးက ဖတ်ကြားကြေညာပြီး သဘာပတိက ညီလာခံကိုယ်စားလှယ်များ၏ သဘောတူညီချက်ရယူ၍ ရှေ့လုပ်ငန်းစဉ်ငါးရပ်ကို အတည်ပြုကြောင်း ကြေညာသည်။ ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ တနင်္သာရီတိုင်း အကြိုညီလာခံ(၂၀၀၅)က ချမှတ်သည့် ဆုံးဖြတ်ချက်နှစ်ရပ်၊ အတည်ပြုချက်တစ်ရပ်နှင့် မှတ်တမ်းတင်ခြင်းနှစ်ရပ်တို့ကို ဖတ်ကြား အတည်ပြုသည်။ ယင်းနောက် သဘာပတိ ဒုတိယဗိုလ်မှူးကြီးသိန်းအောင်(အငြိမ်းစား)က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ကြွေးကြော်သံများဖြင့် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အိမ်တွင်းမှု သင်တန်းကျောင်းသစ်များ မွန်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဖွင့်လှစ်

ရန်ကုန် မေ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မွန်ပြည်နယ် မုဒုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ကျောင်းသစ်နှင့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမဆောင်၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းတို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ယင်းသင်တန်းသို့ အခြေခံ စက်ချုပ်သင်တန်းသူ ၃၅ဦး တက်ရောက်ကြသည်။

အလားတူကချင်ပြည်နယ်ပူတာအိုမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းသစ်နှင့် အခြေခံ စက်ချုပ်သင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပူတာအိုမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်စိုးနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်စိုးတို့ တက်ရောက်ပြီး သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ယင်းသင်တန်းသို့ အခြေခံစက်ချုပ်သင်တန်းသူ ၃၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းနာယက၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးငြိမ်း ခေါင်းဆောင်သော အဖွဲ့ဝင် ၁၂ဦးပါဝင်သည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့သည် မေ ၁၆ရက်မှ ၂၀ရက်အထိ စီးပွားရေးလုပ်ငန်းဆိုင်ရာများကို လေ့လာကြပြီး နည်းပညာများ ဆွေးနွေးဖလှယ်ရန် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

အကြမ်းဖက်သမားများကို ပြည်သူ့စွမ်းအားဖြင့် ချေမှုန်းကြပါစို့

ကျွန်တော် ဟာခနဲ အော်လိုက်မိတယ်။ တဒိတ်ဒိတ်ခုန်နေတဲ့ ရင်ဘတ်ကို လက်နဲ့ဖိထားရတယ်။ ကျွန်တော့်အဒေါ်ကို ဆေးရုံခုတင်ပေါ်မှာ သွေးရဲသံရဲနဲ့တွေ့လိုက်ရတာမို့ ကျွန်တော်ထိန်းမနိုင် သိမ်းမရ တုန်လှုပ်ချောက်ချားသွားတာ ဖြစ်ပါတယ်။ အသက်(၈၀)နီးပါး ရှိပြီဖြစ်တဲ့ ကျွန်တော့်အဒေါ်၊ ဘာသာရေးကို အလွန်ကိုင်းရှိုင်းတဲ့ ကျွန်တော့်အဒေါ်၊ လူတိုင်းကိုစေတနာထားပြီး ကူညီလေ့ရှိတဲ့ ကျွန်တော့်အဒေါ်၊ မြေးနေ့အတွက် လှူဒါန်းဖို့ Junction 8 စင်တာမှာ ပစ္စည်းသွားဝယ်တဲ့ ကျွန်တော့်အဒေါ်၊ ရိုးသားဖြူစင်ပြီးအပြစ်မဲ့တဲ့ ကျွန်တော့်အဒေါ်ဟာ ရက်စက်လှတဲ့ အကြမ်းဖက်သမားများရဲ့ ဗုံးဒဏ်ကြောင့် မလှုပ်မယှက်ဖြစ်နေတာကိုကြည့်ပြီး ကျွန်တော်ယူကျုံးမရဖြစ်မိပါတယ်။

ကပ်လျက်ခုတင်ပေါ်မှာတော့ အဒေါ်နဲ့အတူ အဖော်လိုက်သွားတဲ့ တူမလေး၊ သူလဲ ဒဏ်ရာတွေနဲ့ လဲနေပါတယ်။ ပြောသံ၊ မေးသံတွေကိုလည်း ကြားဟန်မရှိပါ။ အလွန်ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာများကို မြင်တွေ့ခံစားရလို့ တုန်လှုပ်ချောက်ချားနေပုံရပါတယ်။ စကားမပြောနိုင်ဘဲ ကြောင်တောင်တောင် ဖြစ်နေရှာပါတယ်။ အခြားခုတင်တစ်ခုပေါ်မှာတော့ သူတို့နဲ့အတူ လိုက်ပါသွားတဲ့ အိမ်ဖော်မလေး။ သူ့မျက်နှာမှာ ဒဏ်ရာတွေအပြည့်နဲ့ မတုန်မလှုပ်ဖြစ်နေရှာပါတယ်။ နံကြားမှာ ဗုံးစတစ်ခု စိုက်ဝင်နေလို့ သွေးတွေယိုစီးနေပါတယ်။

ဒီမိန်းမပျိုလေးနှစ်ဦးဟာ ငယ်ရွယ်နုပျိုပြီး သာယာပျော်ရွှင်ဖွယ်ကောင်းတဲ့ ဘဝကို မျှော်လင့်နေသူများပဲဖြစ်ပါတယ်။ ဒီမျှော်လင့်ချက်ကို ရက်စက်လှတဲ့ အကြမ်းဖက်သမားများရဲ့ ဗုံးက ဖျက်ဆီးပစ်လိုက်ပါပြီ။ ဗုံးဆန်ထိမှန်တဲ့ ဒဏ်ရာဒဏ်ချက်တွေကြောင့် သူတို့ရုပ်ပျက်ဆင်းပျက်ဖြစ် ကျန်ရစ်ခဲ့ရင် သူတို့တစ်ဘဝလုံး လူကြားသူကြားထဲ မတိုးရဲဘဲ ဝမ်းနည်းကြေကွဲ နေရပါလိမ့်မယ်။ သူတို့ရဲ့ နံဘေးက ခုတင်တွေမှာလဲ ဗုံးဒဏ်ရာတွေနဲ့ ဝေဒနာပြင်းပြစွာ ခံစားနေကြသူများကို မြင်တွေ့နေရတာမို့ ကျွန်တော်ရင်နာခဲ့ရတယ်။

ခုလို ကျွန်တော်နဲ့ချစ်ခင်ရင်းနှီးတဲ့ ဆွေမျိုးတွေ ဗုံးဒဏ်ခံရတာကိုကြည့်ပြီး တစိမ့်စိမ့်ဝမ်းနည်းကြေကွဲမိပါတယ်။ ကျွန်တော့်လိုပဲ ဒီအကြမ်းဖက်သမားတွေရဲ့ ဗုံးဒဏ်ကြောင့်သေကျေပျက်စီး ထိခိုက်ဒဏ်ရာ

မောင်သစ္စာ

ရခဲ့ကြရတဲ့ မိဘ သားသမီး ဆွေမျိုးသားချင်းများအတွက် သက်ဆိုင်သူတွေလဲ အခုလိုပဲယူကျုံးမရဝမ်းနည်းကြေကွဲနေကြမှာပဲလို့ ကိုယ်ချင်းစာမိပါတယ်။ သူတို့လဲ တစိမ့်စိမ့် ဝမ်းနည်းကြေကွဲမှု ဝေဒနာကို ခံစားရပြီး ရင်နာနေကြမှာ အမှန်ပင်ဖြစ်ပါတယ်။ အားလုံးအတွက် အိပ်မက်ဆိုးကြီး မက်သလိုဖြစ်ခဲ့ရပါပြီ။

ကျွန်တော်နဲ့အတူ ပြည်သူလူထုတစ်ရပ်လုံးက မေးခွန်းတွေကို ထပ်တလဲလဲ မေးနေကြပါတယ်။ ဘာကြောင့် အပြစ်ကင်းစင်ပြီး ရိုးသားတဲ့ ပြည်သူလူထုကို ရက်ရက်စက်စက်ဗုံးခွဲပြီး လူသတ်မှုကျူးလွန်နေတာလဲ။ သူတို့မှာ ဘာအပြစ်ရှိလို့လဲ။ ခုလို ဗုံးဖောက်ခွဲခဲ့တဲ့သူတွေကို သူတို့က ဘာများစိတ်ဆင်းရဲအောင် ပြုလုပ်မိလို့လဲ။ ဗုံးဖောက်ခွဲခဲ့သူတွေရဲ့ မိဘဆွေမျိုးများကို သူတို့က ဒုက္ခပေးမိလို့လား။ ပြည်သူလူထုနဲ့ ရန်ငြိုးရှိနေလို့ လက်စားချေတာလား။ ဒီအကြောင်းတွေကြောင့် မဟုတ်ရင်ဘယ်လိုအကြောင်းမျိုးကြောင့် အခုလိုလူတွေကို သတ်ဖြတ်နေကြတာလဲ။

အစိုးရကို တိုက်တယ်ဆိုပြီး အပြစ်မဲ့၊ လက်နက်မဲ့ ပြည်သူလူထုအပေါ် သူ့ရဲကောင်းကြီးလုပ်ပြီး မညှာမတာ ရက်စက်ပြနေတာလား။ ဒီလိုလုပ်ပြလိုက်လို့ အစိုးရကိုဆန့်ကျင်ပြီး သူတို့ကို ထောက်ခံအားပေးမယ်လို့ ထင်နေတာလား။ ဒီလိုဆိုရင် သူတို့ရည်မှန်းချက် လုံးဝမအောင်မြင်ဘဲ ကျဆုံးမှာသာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာသာမက ကမ္ဘာတစ်ဝန်းလုံးက အကြမ်းဖက်မှုကို စုပေါင်းညီညာစွာ ဝိုင်းဝန်းတိုက်ဖျက် နှိမ်နင်းလျက်ရှိနေပါတယ်။ ကမ္ဘာကြီးက အကြမ်းဖက်မှုကို လုံးဝလက်မခံပါ။

လောကပါလတရားကလဲ အကြမ်းဖက်မှုကို လုံးဝလက်မခံပါ။ အမုန်းသည် အမုန်းကိုသာရစေတယ်။ ချစ်ခြင်းမေတ္တာသည် ချစ်ခြင်းမေတ္တာကိုသာရစေတယ်။ မုန်းစကိုတို၍ ချစ်စကို ရှည်စေရန် မြတ်ဗုဒ္ဓက ဆုံးမစကား ဟောကြားခဲ့ပါတယ်။ ဒီတရားဓမ္မများဟာ ထာဝရမှန်ကန်တဲ့ တရားများဖြစ်ပါတယ်။ ဒီအမှန်တရားကိုဆန့်ကျင်ပြီး ငါတရား လုပ်လိုသူများဟာ ကျရှုံးမှုနဲ့သာ ရင်ဆိုင်ရပါလိမ့်မယ်။ ဒီမကောင်းမှုများဟာ ဘဝအဆက်ဆက်မှာ ကျူးလွန်သူတွေနောက်ကို အရိပ်ပမာ လိုက်ပါပြီး ဒုက္ခပြန်ပေးနေမှာဖြစ်ပါတယ်။ ဒါတွေဟာ ကံ၏ နိယာမ တရားများဖြစ်တယ်။ မည်သူမျှ ရှောင်တိမ်းလို့မရပါ။

"ဘယ်သူမပြု မိမိမှု"ဆိုတဲ့ 'ကံ'ရဲ့တရား သဘောအရကြည့်ရင် ဗုံးခွဲလူသတ်သူတွေကိုယ်တိုင်လဲ တူညီသော အကျိုးကို ခံစားရမည်မှာ မလွဲပါ။ သူတို့ရဲ့ မိဘဆွေမျိုးသားသမီးများလဲ ပြည်သူလူထု တွေ့ကြုံခံစားနေရသလို တန်ပြန်ခံစားရမှာပဲဖြစ်တယ်။ ထိုအချိန်ရောက်တဲ့အခါမှာ နောင်တရချိန် နောက်ကျသွားပါလိမ့်မယ်။ မြတ်ဗုဒ္ဓ၏ သွန်သင်ဆုံးမချက်ကို အချိန်မီနာခံပြီး မိမိတို့ရဲ့ဘဝကို ပြုပြင်ပြောင်းလဲရန် လိုအပ်နေပြီဖြစ်ပါတယ်။ သို့မဟုတ်ပါက ပြည်သူလူထုရဲ့ ဒဏ်ခတ်တာကို ခံရပါလိမ့်မယ်။ ကံတရားက မလွဲမသွေ အပြစ်ဒဏ်ပေးပါလိမ့်မယ်။ ဘယ်နေရာပြေးပြေး၊ ဘယ်တိုင်းပြည်ကို ရောက်ရောက် လွတ်နိုင်လိမ့်မယ်မဟုတ်ပါ။

ပြည်သူလူထုရဲ့ မေးခွန်းတွေဟာ အကြမ်းဖက်သမား ဒုစရိုက်သမားများရဲ့ နားတွေမှာ ပြည့်လျှံနေပြီး အိပ်မပျော်နိုင်အောင် ရှိနေပါတော့မယ်။ တစ်သက်လုံး ငြိမ်းချမ်းမှုကို ရနိုင်မယ်မဟုတ်ပါ။

အကြမ်းဖက်သမား (Terrorist)များကို ပြည်သူ့စွမ်းအားဖြင့် ဖြိုခွဲချေမှုန်းရန်၊ ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်း ချစ်ချစ်ခင်ခင် ညီညာဖြဖြ စည်းလုံးညီညွတ်ကြရန်နဲ့ ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် ကျွန်ုပ်တို့အားလုံး ပြည်သူလူထုနဲ့အတူ သစ္စာဆိုပြီး သန္နိဋ္ဌာန်ပြုလိုက်ရပါတယ်။ ။

လောကပါလတရားကလဲ အကြမ်းဖက်မှုကို လုံးဝလက်မခံပါ။ အမုန်းသည် အမုန်းကိုသာ ရစေတယ်။ ချစ်ခြင်းမေတ္တာသည် ချစ်ခြင်းမေတ္တာကိုသာ ရစေတယ်။ မုန်းစကိုတို၍ ချစ်စကိုရှည်စေရန် မြတ်ဗုဒ္ဓက ဆုံးမစကား ဟောကြားခဲ့ပါတယ်။ ဒီတရားဓမ္မများဟာ ထာဝရမှန်ကန်တဲ့ တရားများ ဖြစ်ပါတယ်။ ဒီအမှန်တရားကိုဆန့်ကျင်ပြီး ငါတရား လုပ်လိုသူများဟာ ကျရှုံးမှုနဲ့သာ ရင်ဆိုင်ရပါလိမ့်မယ်။ ဒီမကောင်းမှုများဟာ ဘဝအဆက်ဆက်မှာ ကျူးလွန်သူတွေနောက်ကို အရိပ်ပမာလိုက်ပါပြီး ဒုက္ခပြန်ပေးနေမှာ ဖြစ်ပါတယ်။ ဒါတွေဟာ ကံ၏ နိယာမတရားများ ဖြစ်တယ်။

ဖလားဝါးနယူး(စ်)ဂျာနယ် အတွဲ(၁)၊ အမှတ်(၂၈) ဖြန့်ချိ

ရန်ကုန် မေ ၁၆

ပင်လယ်လိပ်များ သတ်စားလျက်ရှိရာ မျိုးမသုဉ်းစေရန် ဥပဒေပြဋ္ဌာန်းကာကွယ်နေရ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ရရှိသော နိုင်ငံခြားငွေများ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များတွင် အပ်နှံရမည်၊ မလေးရှားက မြန်မာလုပ်သား လိုအပ်ကြောင်း အကြောင်းကြားစာများ ပိုမိုရောက်ရှိလာ၊ မြန်မာ့နှမ်းနက် ဂျပန်မစ်ဆူဘီရှိကုမ္ပဏီကဝယ်ယူမည် စသည့် မျက်မှောက်ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

ဗူးမှုတ်သည့် ကလေးအပြောကို ဘာသာပြန်မည့်စက် ဂျပန်တီထွင်၊ ယူရေနီယံမှ ဓာတ်ငွေ့သို့ ပြောင်းလဲခဲ့ကြောင်း အီရန်နိုင်ငံဝန်ခံ၊ ကိုရီးယားမင်းသားချော ဘေးယောင်ဂျွန်းပါ

သည့် "ဧပြီနှင်း"ဓာတ်ကားသစ် ဂျပန်တွင် ဟောလိဝုဒ်ကားကိုကျော်ကာ ဝင်ငွေစံချိန်ချိုး၊ စွန့်ပစ်ခံ မွေးကင်းစကလေးငယ်ကို ခွေးသားအုပ်မကြီးက ကယ်တင် စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာကို e-Empire Media House ဖုန်း-၅၄၈၈၈၁က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်၌ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ လယ်တီဆရာတော်ကြီး ဟောကြားပြသခဲ့သော သတ္တဋ္ဌာနဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ကိုးရက်စခန်း အဓိဋ္ဌာန်ပွဲကို မေ ၁၃ ရက်က ကျင်းပရာ ကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအာသဘအရှင်သူမြတ် ကမ္မဋ္ဌာန်းတရားတော်များ ချီးမြှင့်စဉ်။ (၅၀၆)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဟောပြော

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ဦးစီးပြုလုပ်သော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး ဟောပြောပွဲ အခမ်းအနားကို မေ ၁၁ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူ ဧည့်သည်တော်များ တက်ရောက်ကြပြီး ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက အမှာစကားပြောကြားပြီး စာရေးဆရာ ချစ်နိုင်(စိတ်ပညာ) က "ထိပ်တန်းမြန်မာအမျိုးသမီးများသို့" ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက ဟောပြောပို့ချပေးသော စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှ ဦးစီးပြုလုပ်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး ဟောပြောပွဲ အခမ်းအနားကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂) စံပယ်ခန်းမတွင်ကျင်းပရာ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ) ဟောပြောစဉ်။ (တယက)



ပြည်ပြေးစစ်ခမ်ပနှင့် အပေါင်းပါတစ်စုတို့၏ မလိမ့်တပတ်အဓမ္မလုပ်ရပ်နှင့်အကြမ်းဖက်လုပ်ရပ်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တစ်ခဲနက် ပြစ်တင်ရှုတ်ချ ဆန့်ကျင်ကန့်ကွက်

ပြည်ပြေးစစ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်ယာယီအစိုးရဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သောနိုင်ငံထူထောင်ကြောင်း ကြေညာခြင်းနှင့်အတူ ရွက်ဆစ်ဦးစီး SSA၊ KNU၊ KNPP၊ NCUB NCGUB၊ ABSDF စသည့် အကြမ်းဖက်သမား(Terrorist)အဖွဲ့များပူးပေါင်းပြီး ပြည်သူလူထုအပေါ် မလိမ့်တပတ် အဓမ္မလုပ်ရပ်၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ အချိန်ကိုက် ကျူးလွန်နေခြင်းကို မြန်မာနိုင်ငံအတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ပြီးသောအဖွဲ့များအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြစ်တင်ရှုတ်ချ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြသည်။ အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူး၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ကျင်းပသည့် လူငယ်နှီးနှောဖလှယ်ပွဲအခမ်းအနားကလည်းကောင်း၊ ရှမ်းပြည်နယ် လဲချားမြို့နယ်၊ မိုင်းနောင်မြို့နယ်၊ မိုင်းရယ်မြို့နယ်၊ သီပေါမြို့နယ်၊ သိန်းနီမြို့နယ်နှင့် ကျိုင်းတုံမြို့နယ်များ၌ ကျင်းပသည့် လူထုအစည်းအဝေးပွဲအခမ်းအနားများက လည်းကောင်း တစ်ခဲနက် ပြစ်တင်ရှုတ်ချ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။

(သတင်း-ဖော်ပြပြီး)

လူငယ်နှီးနှောဖလှယ်ပွဲ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ (၈-၅-၂၀၀၅)။

မိုင်းရယ်မြို့နယ် လူထုအစည်းအဝေး (၁၀-၅-၂၀၀၅)။

မိုင်းနောင်မြို့နယ် လူထုအစည်းအဝေး (၁၀-၅-၂၀၀၅)။

လဲချားမြို့နယ် လူထုအစည်းအဝေး (၈-၅-၂၀၀၅)။

သီပေါမြို့နယ် လူထုအစည်းအဝေး (၁၁-၅-၂၀၀၅)။

ကျိုင်းတုံမြို့နယ် လူထုအစည်းအဝေး (၁၂-၅-၂၀၀၅)။

သိန်းနီမြို့နယ် လူထုအစည်းအဝေး (၁၂-၅-၂၀၀၅)။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြို့သာယာလှပရေး အကောင်းဆုံး မြို့နယ် ပထမဆုရ တောင်ကြီးမြို့နယ် စည်ပင်သာယာအဖွဲ့အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုစိတ်ဓာတ်

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါး သည်သာလျှင် မှန်ကန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ယူလုပ်ဆောင်နေကြသော စည်ပင်သာယာရေးဝန်ထမ်းများအနေဖြင့် ဒေသအလိုက်၊ ကဏ္ဍအလိုက် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတာဝန်များကို အောင်မြင်အောင် အမျိုးသားနိုင်ငံရေးအသိစိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း၊ စည်ပင်သာယာရေးလုပ်ငန်းများသည် ပြည်သူများ၏ လူမှုဘဝ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေရသကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက်လည်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စစ်ဆေးကြီးကြပ် စီမံအုပ်ချုပ်ဆောင်ရွက်ရသည့် အဖွဲ့အစည်းများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်သည့်အခါ ပြည်သူနှင့် တစ်သားတည်းဆောင်ရွက်သွားရန် လိုသည်ဟု မှာကြားလိုကြောင်း။

စည်ပင်သာယာရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အနက် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး နှစ် ၃၀ နှစ်ရှည်စီမံကိန်းနှင့် ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ၁၀နှစ်စီမံကိန်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းကြောင့် စည်ပင်သာယာရေးအဖွဲ့များ၏ မြို့ပြနှင့် ကျေးလက်လမ်းများ အကောင်အထည်ဖော်နိုင်မှုမှာ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်ကုန်အထိ ကျေးလက်လမ်း ၂၅၃၄၁မိုင် ၆ဖာလုံ၊ ကျေးလက်တံတား ၆၆၅၅စင်းနှင့် မြို့ပြလမ်း ၅၃၁၆မိုင် ၁ဖာလုံ၊ မြို့ပြတံတား ၁၁၀၆၅ စင်း စုစုပေါင်းလမ်း ၃၀၆၅၇မိုင် ၇ဖာလုံ၊ တံတားပေါင်း ၁၇၇၂၀စင်းဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါလုပ်ငန်းများကို ငွေကျပ် ၁၇၈၉၀သန်း ကျခံသုံးစွဲဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည့်အတွက် မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ လာမည့်နှစ်များတွင်လည်း လက်ရှိအရှိန်အဟုန်အတိုင်း ဆက်လက်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ထို့အပြင် လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးစံချိန်စံညွှန်း ပြည့်မီကောင်းမွန်ရေးနှင့် ရေရှည်တည်တံ့အောင် ပြင်ဆင်ထိန်းသိမ်းမှုပိုင်းများကိုလည်း မျက်ခြည်မပျက် ဆောင်ရွက်ရန်လိုသည်ဟု မှာကြားလိုကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ်အနက် ဒုတိယလုပ်ငန်းစဉ်ဖြစ်သည့် ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀နှစ်စီမံကိန်း ဆောင်ရွက်နိုင်မှုတွင် စီမံကိန်းစတင်သည့် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းမှာ ဆောင်ရွက်ရန် ကျေးရွာ ၈၀၄၂ရွာအနက် ကျေးရွာ ၇၁၅၇ရွာကို ဆောင်ရွက်ပေးနိုင်ခဲ့၍ ရာခိုင်နှုန်းအားဖြင့် ၈၉ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရပြီး ကျန်ပြည်နယ်/တိုင်းတို့မှ ဆောင်ရွက်ရန် ကျေးရွာ ၁၅၁၈၃ရွာအနက် ကျေးရွာ ၇၁၅၂ရွာ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၄၇ရာခိုင်နှုန်းဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်နယ်/တိုင်းအားလုံးရှိ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ရန် စုစုပေါင်းကျေးရွာ ၂၃၂၂၅ရွာအနက် ကျေးရွာပေါင်း ၁၄၃၀၉ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၆၂ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်နိုင်အောင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေမှ ကျပ် ၁၅၃၆ဒသမ ၅၇၄သန်း၊ စည်ပင်သာယာရေးအဖွဲ့များ ရန်ပုံငွေမှကျပ် ၂၈၃၃ဒသမ ၉၄သန်း သုံးစွဲခဲ့မှုနှင့် စေတနာရှင်အလှူရှင်များ ပါဝင်လှူဒါန်းငွေကျပ် သန်းပေါင်း ၁၀၅၃ဒသမ ၀၆၇သန်း၊ အမေရိကန်ဒေါ်လာ ၇၀၂၅၂၊ အက်ဖ်အီးစီ ၁၀၀၁၂ နှင့် ယူရို ၇၇၀ခန့် ပါဝင်လှူဒါန်းမှုတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကွန်ပျူတာဖြင့် မြေပုံထုတ်ခြင်းနှင့် မြို့ကြီးများ၏ လမ်းညွှန်မြေပုံဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရရှိသည့် အခွန်ဘဏ္ဍာငွေများကို အလေအလွင့်မရှိစေရေး

ပြည်သူများအတွက် ထိုက်တန်သည့် မြို့ရွာဖွံ့ဖြိုးမှု အခြေခံ

▲ ရှေ့ဖုံးမှ

ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်း စည်ပင်သာယာအဖွဲ့များမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများ၊ တာဝန်ခံ အင်ဂျင်နီယာများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ၁၉၉၀ ပြည့်နှစ်မှ စတင်ပြီး နှစ်စဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်မှာ အခုအချိန်ပါနှင့်ဆိုလျှင် (၁၆)ကြိမ်ရှိပြီဖြစ်ကြောင်း၊ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို တစ်နိုင်ငံလုံးမှာ ဖြန့်ကြက်တာဝန်ထမ်းဆောင်ကြသည့် စည်ပင်သာယာရေးအရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယခုကဲ့သို့ ကျင်းပနိုင်ခြင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် လက်တွေ့ကျသည့် အစီအမံများ၊ ခိုင်မာသည့် အကျိုးရလဒ်ကောင်းများ ပေါ်ထွန်းလာမည်ဟု ယုံကြည်မျှော်လင့်ထားကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးထိပ်ပန်ဆင်ရမည့် ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက်များချမှတ်ကာ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့သည့် နယ်စပ်ဒေသများ တိုးတက်ဖွံ့ဖြိုးရေး၊ ဖွံ့ဖြိုးရေးဒေသကြီးများ သတ်မှတ်ပြီး ယင်းဒေသကြီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယနေ့ဆိုလျှင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

အချိန်မီပြီးစီးရေး

ထို့အပြင် စီမံကိန်းအရ ဆက်လက်အကောင်အထည်ဖော်ရမည့် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာမှမြို့သို့တက်သည့်လမ်းများ၊ မြို့ချင်းဆက်သွယ်သည့်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများတို့ကိုလည်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ပေးရန် မှာကြားလိုကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ ချောမွေ့ကောင်းမွန်လာသည်နှင့်အမျှ ယင်းဒေသများသည် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သည့်အတွက် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအနေနှင့် စေတနာထား ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု မှာကြားလိုကြောင်း။

သောက်သုံးရေရရှိရေး

ယင်းကဲ့သို့ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ကျေးလက်နေ ပြည်သူများအတွက် မသန့်ရှင်းသောရေကြောင့်ဖြစ်သော ရောဂါဘယများ ကင်းဝေးသလို၊ ရေတစ်ထမ်း၊ တစ်ပုံးရရှိရန် ရှာဖွေရမှုကြောင့် အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းမှုများ သက်သာစေသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ကျေးရွာတိုင်း သန့်ရှင်းသော သောက်သုံးရေရရှိရေးစီမံကိန်းကို အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်သလို တူးဖော်ပြီးသော စက်ရေတွင်းများ ရေရှည်တည်တံ့ကောင်းမွန်အောင် အစဉ်တစိုက် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်းကိုလည်း မှာကြားလိုကြောင်း။

ထို့ပြင် ကျေးလက်ဒေသ ရေရရှိရေးဆောင်ရွက်ပြီးစီးမှုအနေဖြင့် မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိရေးကို အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်းတွင် ခုနစ်မြို့နယ်၊ မကွေးတိုင်းတွင် ခုနစ်မြို့နယ်၊ မန္တလေးတိုင်းတွင် ၁၁ မြို့နယ် စုစုပေါင်း ၂၅ မြို့နယ်တွင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် မြို့နယ်လုံးကျွတ်မှသည် ခရိုင်လုံးကျွတ်၊ ခရိုင်လုံးကျွတ်မှ တစ်ဆင့် တိုင်းလုံးကျွတ်အထိ သန့်ရှင်းသော သောက်သုံးရေရရှိရေးကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မြို့နယ်လုံးကျွတ် ရေရရှိပြီးသော ကျေးရွာများအား ရေဖူလုံစွာရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်ကြရန်ကိုလည်း လိုအပ်ကြောင်း မှာကြားလိုကြောင်း။

ထို့အပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ကျေးလက်နေပြည်သူများ လူနေမှုဘဝမြင့်မားရေးအတွက် ကျေးလက်ဒေသ စံပြအိမ်ရာများကို ရှေ့ပြေးစီမံကိန်း (Pilot Project) လုပ်ငန်းအဖြစ် ဆောင်ရွက်ခဲ့ရာ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ အိမ်အလုံးရေ ၁၆၀၉ လုံးကို ဆောက်လုပ်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရခြင်းကြောင့် ယခုထက် ပိုမိုပြီး ကျေးလက်ပြည်သူများအတွက် စံပြအိမ်ရာများကို ကြိုးပမ်းစည်းရုံး အရှိန်အဟုန်မြှင့် ဆောက်လုပ်ပေးရန် မှာကြားလိုကြောင်း။

တီထွင်ကြံဆဆောင်ရွက်

စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ကျေးလက်မြို့ပြ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပိုမိုမြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေး မျှော်မှန်းပြီး စက်ရေတွင်း တူးစက်များနှင့် ရွေ့လျားအလုပ်ရုံ (Mobile Workshop)တို့ကို တီထွင်စမ်းသပ်ပြီး လုပ်ငန်းခွင်မှာ အသုံးပြုနေပြီးဖြစ်ကြောင်း သိရှိရသည့်အတွက် ယခုကဲ့သို့ လက်ရှိအောင်မြင်မှုရရှိနေသောအဆင့်မှာတင် ကျေနပ်မနေဘဲ ယခုထက် ပိုမိုအရည်အသွေးကောင်းမွန်သည့်အဆင့်အထိ ရရှိအောင် စမ်းသပ်သုတေသန (Research) ပြုလုပ်ပြီး တီထွင်ကြံဆ ဆောင်ရွက်ရန် လိုကြောင်း မှာကြားလိုကြောင်း။

စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားဖြင့် ဆောင်ရွက်နေခြင်းထက် စက်ယန္တရားစွမ်းအားဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးရန်လိုအပ်ခြင်းကြောင့် လက်ရှိအသုံးပြုနေသည့် ယာဉ်၊ စက်ယန္တရားများကိုလည်း စွမ်းအားပြည့် အသုံးပြုနိုင်ရေးအတွက် အစဉ်သဖြင့် ကောင်းမွန်နေအောင် ပြင်ဆင်ထိန်းသိမ်းသုံးစွဲရန် လိုအပ်ပြီး ထပ်မံလိုအပ်သော စက်ယန္တရားများကိုလည်း ဖြည့်ဆည်းပေးရန်လိုကြောင်း မှာကြားလိုကြောင်း။

စည်ပင်သာယာရေးအဖွဲ့များအနေနှင့် မြို့
ရေးအတွက် အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်နိုင်
ပြီးခဲ့သည့်နှစ်မှစပြီး အကောင်းဆုံး စံပြမြို့
အကောင်းဆုံး မြို့နယ်ဆု၊ ကျေးလက်ဒေသဖွံ့ဖြိုး
ရွေးချယ်ပြီး ဆုပေးခဲ့သည်ကို တွေ့ရကြောင်း၊
ဆုများရွေးချယ်ပြီး ဆုများ ချီးမြှင့်ပေးသွား
မှာကြားလိုသည်မှာ ဆုရရှိခဲ့သည့် မြို့နယ်မျ
အရည်အချင်းကျမသွားအောင် ထိန်းသိမ်းဆော
ဆုမရသေးသည့် မြို့နယ်များအနေနှင့်လည်း
အတုယူ စံနမူနာထားပြီး မိမိ၏ လိုအပ်ချက်များကို
ရန်လိုကြောင်း မှာကြားလိုကြောင်း။

ဤသို့ မြို့ရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အေ
အတွက် ရသင့်ရထိုက်သည့် အခွန်၊ အခ၊ အခ
စေရန်နှင့် အခွန်၊ အခများကို စည်းကြပ်ရာ၌
အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်ရန် လိုအပ်သကဲ့သို့
အလေအလွင့်မရှိစေရေး စိစိစစ်စစ် ခြိုးခြံချွေ
စည်းကမ်းများနှင့်အညီ သုံးစွဲပြီး ပြည်သူများအ
ဖွံ့ဖြိုးမှု အခြေခံလိုအပ်ချက်များ တည်ဆောက
ဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊**
တိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်
စည်ပင်သာယာရေးဝန်ထမ်းများအ
တက်တက်ကြွကြွ ပါဝင်ပူးပေါင်း
- **ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်**
ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟ
စေရန်အတွက် စည်ပင်သာယာရေး
ကဏ္ဍမှ အောင်မြင်အောင် ကြိုးစ
- **ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်**
ဒေသများ လမ်းပန်းဆက်သွယ်မှုက
သန့်ရှင်းသော သောက်သုံးရေရရှိ
အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွ
- **စည်ပင်သာယာရေးဝန်ထမ်းများအ**
ရမည့် လုပ်ငန်းတာဝန်များကို အမ
ခံယူပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းက
စေတနာကောင်းများဖြင့် ကြိုးပမ်း

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါ

ဆုများချီးမြှင့်

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယ
အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်
အကောင်းဆုံးမြို့နယ် ပထမဆုရ ကျောက်ဆည်
ဒုတိယဆုရ ရွှေဘိုမြို့နယ် စည်ပင်သာယာအဖွဲ့၊

စည်ပင်သာယာရေးအဖွဲ့ များ၏
မြို့ပြနှင့် ကျေးလက်လမ်းများ
အကောင်အထည်ဖော်နိုင်မှု
(၂၀၀၄-၂၀၀၅ ဘဏ္ဍာရေး
နှစ်ကုန်အထိ)

ကျေးလက်လမ်း	–	၂၅၃၄၁ မိုင် ၆ ဖာလုံ
ကျေးလက်တံတား	–	၆၆၅၅ စင်း
မြို့ပြလမ်း	–	၅၃၁၆ မိုင် ၁ ဖာလုံ
မြို့ပြတံတား	–	၁၁၀၆၅ စင်း
စုစုပေါင်းလမ်း	–	၃၀၆၅၇ မိုင် ၇ဖာလုံ
တံတားပေါင်း	–	၁၇၇၂၀စင်း ဆောင်ရွက်ပေးနိုင်ခဲ့

(အဆိုပါ လုပ်ငန်းများကို ငွေကျပ် ၁၇၈၉၀ သန်း ကျခံသုံးစွဲ ဆောင်ရွက်ပေးခဲ့)။

...အလွှင့်မရှိစေရေး စိစိစစ်စစ် ခြိုးခြံချွေတာသုံးစွဲ ...ဖွံ့ဖြိုးမှု အခြေခံလိုအပ်ချက်များ တည်ဆောက်

စည်ပင်သာယာရေးအဖွဲ့များအနေနှင့် မြို့များစိမ်းလန်းစိုပြည် သာယာရေးအတွက် အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်နိုင်ရန်အတွက် ယှဉ်ပြိုင်မှုစနစ်ဖြင့် ပြီးခဲ့သည့်နှစ်မှစပြီး အကောင်းဆုံး စံပြမြို့နယ်ဆု၊ မြို့သာယာလှပရေး အကောင်းဆုံး မြို့နယ်ဆု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ်ဆုများ ရွေးချယ်ပြီး ဆုပေးခဲ့သည်ကို တွေ့ရကြောင်း၊ ယခုနှစ်တွင်လည်း အလားတူ ဆုများရွေးချယ်ပြီး ဆုများ ချီးမြှင့်ပေးသွားမှာဖြစ်ကြောင်း၊ ဤနေရာမှာ မှာကြားလိုသည်မှာ ဆုရရှိခဲ့သည့် မြို့နယ်များအနေဖြင့်လည်း မိမိတို့၏ အရည်အချင်းကျမသွားအောင် ထိန်းသိမ်းဆောင်ရွက်ရမည့် တာဝန်ရှိသကဲ့သို့ ဆုမရသေးသည့် မြို့နယ်များအနေနှင့်လည်း ဆုရရှိသည့်မြို့နယ်များကို အတုယူ စံနမူနာထားပြီး မိမိ၏လိုအပ်ချက်များကို ပြုပြင်ဖြည့်ဆည်း ဆောင်ရွက်ရန်လိုကြောင်း မှာကြားလိုကြောင်း။

ဤသို့ မြို့ရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရသင့်ရထိုက်သည့် အခွန်၊ အခ၊ အကောက်များ ပြည့်ပြည့်ဝဝ ရရှိစေရန်နှင့် အခွန်၊ အခများကို စည်းကြပ်ရာ၌လည်း အခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်ရန် လိုအပ်သကဲ့သို့ ရရှိသည့်အခွန်ဘဏ္ဍာငွေများကို အလေအလွင့်မရှိစေရေး စိစိစစ်စစ် ခြိုးခြံချွေတာ၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲပြီး ပြည်သူများအတွက် ထိုက်တန်သည့် မြို့ရွာဖွံ့ဖြိုးမှု အခြေခံလိုအပ်ချက်များ တည်ဆောက်ပေးနိုင်စေရန် အလေးဂရုပြု ဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ-

- **နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးတို့တွင် စည်ပင်သာယာရေးဝန်ထမ်းများအနေဖြင့် ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ပူးပေါင်း ကြိုးပမ်းထမ်းဆောင်ကြပါ၊**
- **ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက်(၁၂)ရပ်ကို ဦးထိပ်ထားပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စည်ပင်သာယာရေးလုပ်ငန်းများဖြင့် ကျရာအခန်းကဏ္ဍမှ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြပါ၊**
- **ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်အနက် ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ကြပါ၊**
- **စည်ပင်သာယာရေးဝန်ထမ်းများအနေနှင့် မိမိတို့ ဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန်များကို အမျိုးသားရေးလုပ်ငန်းများအဖြစ် ခံယူပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်ကောင်း၊ စေတနာကောင်းများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ် ပထမဆုရ ကျောက်ဆည်မြို့နယ် စည်ပင်သာယာအဖွဲ့၊ ဒုတိယဆုရ ရွှေဘိုမြို့နယ် စည်ပင်သာယာအဖွဲ့၊ တတိယဆုရ ညောင်ဦးမြို့နယ် စည်ပင်သာယာအဖွဲ့မှ တာဝန်ရှိသူများအားလည်းကောင်း၊ မြို့သာယာလှပရေး အကောင်းဆုံးမြို့နယ် ပထမဆုရ တောင်ကြီးမြို့နယ် စည်ပင်သာယာအဖွဲ့၊ ဒုတိယဆုရ ပြင်ဦးလွင် မြို့နယ်စည်ပင်သာယာအဖွဲ့နှင့် တတိယဆုရ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာအဖွဲ့မှ တာဝန်ရှိသူများအားလည်းကောင်း၊ အကောင်းဆုံးစံပြမြို့နယ် ပထမဆုရ ကျောက်ဆည်မြို့နယ် စည်ပင်သာယာအဖွဲ့၊ ဒုတိယဆုရ တောင်ကြီးမြို့နယ် စည်ပင်သာယာအဖွဲ့နှင့် တတိယဆုရ ညောင်ဦးမြို့နယ် စည်ပင်သာယာအဖွဲ့တို့မှ တာဝန်ရှိသူများအားလည်းကောင်း ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အစည်းအဝေးခန်းမ(၂)၌ ခင်းကျင်းပြသထားသော စည်ပင်သာယာရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ ကွန်ပျူတာဖြင့် မြေပုံထုတ်ခြင်းနှင့် မြို့ကြီးများ၏ လမ်းညွှန်မြေပုံများ ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားပြီး ပြန်လည်ထွက်ခွာသွားသည်။

ယခုအခါ ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့် တည်ဆောက်ပြီးစီးနေပြီး လုပ်ငန်းများ စမ်းသပ်လည်ပတ်လျက်ရှိသည်။

(သတင်းစဉ်)

ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀နှစ်စီမံကိန်း ဆောင်ရွက်နိုင်မှု

(၂၀၀၀-၂၀၀၁ မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ)

- ❒ **အပူပိုင်းဒေသ တိုင်းသုံးတိုင်းမှာ ဆောင်ရွက်ရန် ကျေးရွာ ၈၀၄၂ရွာအနက် ကျေးရွာ ၇၁၅၇ရွာကို ဆောင်ရွက်ပေးနိုင်ခဲ့၊**
- ❒ **ကျန်ပြည်နယ်/တိုင်းတို့မှ ဆောင်ရွက်ရန် ကျေးရွာ ၁၅၁၈၃ရွာအနက် ကျေးရွာ ၇၁၅၂ရွာ ဆောင်ရွက်ပေးနိုင်ခဲ့၊**
- ❒ **ပြည်နယ်/တိုင်းအားလုံးရှိ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ဆောင်ရွက်ရန် စုစုပေါင်းကျေးရွာ ၂၃၂၂၅ရွာအနက် ကျေးရွာပေါင်း ၁၄၃၀၉ရွာကို သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့။**

တရားပွဲများ ကျင်းပမည်

ရန်ကုန် မေ ၁၆

ထေရဝါဒ ဗုဒ္ဓသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းမှ စတုတ္ထအကြိမ်မြောက် ဓမ္မပူဇာသဘင်အဖြစ် မေ ၁၈ ရက်တွင် အရှင်ဂုဏိန္ဒ (ဆင်ဖြူတောင်ဆရာတော်)၊ မေ ၁၉ ရက်တွင် ဘဒ္ဒန္တ ဒေါက်တာကောဝိဒ (မစ္ဆိမဂုဏ်ရည်ဆရာတော်)၊ မေ ၂၀ ရက်တွင် အရှင်ခေမိန္ဒ(စစ်ကိုင်း၊ ခင်မကန်)၊မေ ၂၁ရက်တွင် ဦးမာနိတ (ဓမ္မာစရိယ)တို့က ညနေ ၅ နာရီခွဲမှစတင်၍ ဒေါပုံမြို့နယ် ဓမ္မာရုံကြီး၌ တရားပွဲ ကျင်းပမည်ဟု သိရသည်။

(က-ပ)

❀ **ကျောင်းသုံးစာအုပ်မှ**

ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်ဆင့်ကမ်းသုံးစွဲ

ရှေးဦးစွာ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ကျောင်းသုံးဖတ်စာအုပ်များကို ၂၀၀၄- ၂၀၀၅ ပညာသင်နှစ်အတွက် ရိုက်နှိပ်ဖြန့်ချိခဲ့သည့် အားသာချက်နှင့် အားနည်းချက်များအပေါ် လေ့လာဆန်းစစ်၍ စိစစ်တင်ပြရန်ကိစ္စ၊ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဒေသအသီးသီးရှိ ကျောင်းသား၊ ကျောင်းသူများထံ အချိန်မီ လွယ်လွယ်ကူကူ ဈေးနှုန်းမှန်မှန်ကန်ကန်ဖြင့် ရောက်ရှိစေရန် ဆောင်ရွက်ထားရှိခြင်း ကိစ္စနှင့် ၂၀၀၆-၂၀၀၇ အတွက် လိုအပ်ချက်ကို ရိုက်နှိပ်ရာတွင် နိုင်ငံတော်နှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ခြိုးခြံချွေတာရေးမူအရ လက်ဆင့်ကမ်း သုံးစွဲရေးစနစ်ကို ဆက်လက် အကောင်အထည်ဖော်ပြီး လိုအပ်သည့် အရေအတွက် ပုံနှိပ်ရန်၊ ရိုက်နှိပ်ပြီးသော စာအုပ်များကို ဖြန့်ချိရေး ဆပ်ကော်မတီအနေဖြင့် သက်ဆိုင်ရာ ကျောင်းများနှင့် ဝေးလံသောဒေသများသို့ သတ်မှတ်ချိန်အတွင်း အချိန်မီ ဖြန့်ဖြူးနိုင်ရေးကိစ္စတို့ကို ဆွေးနွေးသွားရန်ဖြစ်ကြောင်းနှင့် လုပ်ငန်းအဆင်ပြေချောမွေ့စေရန် တာဝန်ရှိသော ဌာနများကလည်း ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်သွားကြရန် လိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်မြမြက ပြီးခဲ့သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းကို ဖတ်ကြားတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်နေမှုအခြေအနေများကို လည်းကောင်း၊ ဖြန့်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ရိုက်နှိပ်ပြီး ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ချိရေးဆောင်ရွက်ထားသည့် အခြေအနေများကို လည်းကောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို လည်းကောင်း ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ဖြန့်ဝေပေးပြီး

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ယခု ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွက် ဖြန့်ဝေရမည့် ကျောင်းသုံးစာအုပ်များကို စာအုပ်ဖြန့်ဝေဌာန ၆၀ ခုအနက် ၅၃ နေရာကို ကျောင်းသုံးစာအုပ်များ ရောက်ရှိအောင် ဖြန့်ဝေပေးပြီးဖြစ်ကြောင်း၊ ကျန် ၁၅ နေရာမှလည်း စာအုပ်အမျိုးအစားအလိုက် ၉၀ ရာခိုင်နှုန်းခန့် ရောက်ရှိနေပြီး အနည်းငယ်သာ ဆက်ပို့ရန်ကျန်နေကြောင်း၊ ၎င်းကျန်နေသောအရေအတွက်ကို ဖြန့်ချိရေး ဆပ်ကော်မတီက တင်ပြသည့်အတိုင်း ယခုလကုန်အရောက် ဆက်လက်ပေးပို့စေပြီး ဇွန် ၁ ရက်နေ့ ကျောင်းသားများထံ အရောက် ဖြန့်ဝေနိုင်အောင် စိစစ်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း။

ဈေးနှုန်းမှန်မှန်

မိမိတို့က ပေးပို့သောစာအုပ်များကို သက်ဆိုင်ရာ စာအုပ်ဖြန့်ဝေရာဌာနများမှတစ်ဆင့် ခရိုင်၊ မြို့နယ်၊ ကျောင်းများအရောက် ဆက်လက်ဖြန့်ဝေပြီးစီးမှုအခြေအနေကို ဖြန့်ချိရေးကော်မတီက စိစစ်ဆောင်ရွက်စေလိုကြောင်း၊ တစ်ဖက်ကလည်း မိမိတို့ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနများကို စုံစမ်းတင်ပြမည် ဖြစ်ကြောင်း၊ အဓိကမှာ အကြီးအကဲများ ညွှန်ကြားသည့်အတိုင်း ကျောင်းမဖွင့်မီ ကျောင်းသား၊ကျောင်းသူများ လက်ထဲသို့ လွယ်လွယ်ကူကူနှင့် ဈေးနှုန်းမှန်မှန်ဖြင့် ရောက်ရှိရေး မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့အတူ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် လိုအပ်ချက်များကို နိုင်ငံတော်အကြီးအကဲ လမ်းညွှန်သည့်အတိုင်း ယခုညှိနှိုင်းချက်အရ မိမိတို့ ဝန်ကြီးဌာနက စက်စွမ်းအားပြည့် ရိုက်နှိပ်ပြီး ကျန်အရေအတွက်ကို ပညာရေးဝန်ကြီးဌာနက ရိုက်နှိပ်ပေးရန်အတွက် ဇွန်လက စတင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ် မတ် ၁၅ ရက်အပြီး ရိုက်နှိပ်၍ ကျောင်းမဖွင့်မီ ကျောင်းသားများ လက်သို့အရောက် ဖြန့်ချိရေး စီမံဆောင်ရွက်ရန်နှင့် လိုအပ်ပါက ဖြန့်ဝေရေးဌာနကို လမ်းပန်းဆက်သွယ်မှု အခြေအနေအရ ထပ်တိုးသင့်ပါက တိုးရမည်ဖြစ်ကြောင်း။

ပြီးခဲ့သည့်နှစ်များထက် အဆင်ပြေချောမွေ့မြန်ဆန်စေမည့် နည်းစနစ်ကို ကျင့်သုံးရန်လိုအပ်ကြောင်း။

ပုံနှိပ်လုပ်ငန်းများတွင် ကုန်ကြမ်းပစ္စည်းများ အလေအလွင့်မဖြစ်စေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၅-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်။ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ ဗိုက္ကရဲရေထိန်းတံခါး
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Happy and Educational English Summer Course MRTV.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒ သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၃၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်
- ၅:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၁၅ ၉။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ မျောက်မင်းဝုခုန်း (အပိုင်း-၉၄)**
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ တေးဂီတအစီအစဉ်
- ၇:၂၀ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၇:၃၅ ၁၄။ ကြေးမုံရိပ်သွင် တေးနယ်ဉ်
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟေမန်ဆောင်း၏ချစ်သံစဉ်" (အပိုင်း-၁၈)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်အား ကိုရီးယားသံအမတ်ကြီးနှင့် ဗီယက်နမ်သံအမတ်ကြီးတို့ တွေ့ဆုံ

ရန်ကုန် မေ ၁၆

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Ju-Heum သည် ယနေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

အလားတူပင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung သည် နံနက် ၁၁နာရီခွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ အသီးသီးလာရောက် တွေ့ဆုံရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)



ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Tran Van Tung **လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

မဟာပရိတ်တော်နှင့် ဓမ္မစကြာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ် (၂၂၂)ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် သာသနာ့ဗိမာန်တော်၌ မဟာပရိတ်တော်နှင့် ဓမ္မစက္ကပဝတ္တနသုတ် ဓမ္မစကြာရွတ်ဖတ်ပူဇော်နည်း သင်တန်းကို မေ ၁၄ ရက်(စနေနေ့)မှ စ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ ၁၀ နာရီအထိ ဖွင့်လှစ်သင်ကြားလျက်ရှိရာ သင်တန်းတက်ရောက်လိုသူများသည် ရုံးချိန်အတွင်း ဖုန်း-၅၄၁၉၄၃ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တနင်္သာရီတိုင်း မြိတ်မြို့ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမတွင် ရေထွက်ပစ္စည်း ထုတ်လုပ်သူလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။ (မွေး/ရေ)

အဖျက်လုပ်ရပ်များအား အမျိုးသားရေးအသိဖြင့်ကာကွယ် ပြည်သူ့ဘဝသာယာချမ်းမြေ့စေရေး ပူးပေါင်းပါဝင်ဆောင်ရွက်

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မေ ၁၄ ရက် မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်း မြိတ်မြို့ ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမဆောင်သို့ရောက်ရှိပြီး တနင်္သာရီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဝင်များ၊ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အသင်းစည်းရုံးရေးများနှင့် ပတ်သက်ပြီး အသေးစိတ်ဆွေးနွေးမှာကြားသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်အလိုက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ စည်းရုံးရေး၊ ရန်ပုံငွေရှာဖွေရေးနှင့် သက်ရှယ်ကြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့မှု အခြေအနေ တင်ပြချက်အပေါ် ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် တနင်္သာရီတိုင်းတာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မြိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး မြိတ်ခရိုင်နှင့် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ မှာကြားရာတွင် နိုင်ငံတော်ပြိုကွဲရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသော ပြည်ပ အဖွဲ့အစည်းများ၏ အဖျက်အမှောင့်လုပ်ရပ်များအား အမျိုးသားရေးအသိဖြင့် စဉ်ဆက်မပြတ် ကာကွယ် တားဆီးရေး၊ ပြည်သူ့ဘဝ သာယာချမ်းမြေ့ရေးနှင့် လုံခြုံစေရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အခြေအနေများကို အသေးစိတ်မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ညနေပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟန်ငြိမ်း လိုက်ပါလျက် တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး ရေထွက်ပစ္စည်း ဖမ်းဆီးထုတ်လုပ်သောကုမ္ပဏီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ ရေထွက်ပစ္စည်းဖမ်းဆီး ထုတ်လုပ်ခြင်းနှင့် မွေးမြူထုတ်လုပ်ခြင်းသည် အမျိုးသားဝင်ငွေရရှိရေး အတွက် နိုင်ငံတော်မှ အားထားရသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းက တနင်္သာရီတိုင်းအတွင်း ရေထွက်ပစ္စည်း ဖမ်းဆီးထုတ်လုပ်မှုနှင့် မွေးမြူထုတ်လုပ်မှု အပိုင်းအလိုက် တင်ပြပြီး တက်ရောက်လာသော လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်အကောင်အထည်ဖော်မှု အခြေအနေ လိုအပ်ချက်များအား အသီးသီးတင်ပြကြရာ တင်ပြချက်များအပေါ် ဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၅ရက် နံနက်ပိုင်းတွင် ပုလောမြို့နယ် ပဆွတ်ကျေးရွာတွင် ဆောင်ရွက်လျက်ရှိသော ဗင်းဒွေစ်ကုမ္ပဏီ၏ ရော်ဘာနှင့် ဆီအုန်း ဥယျာဉ်ခြံမြေ စိုက်ပျိုးရေးစခန်းသို့ ရောက်ရှိပြီး တနင်္သာရီတိုင်းအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များက အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော နှစ်ရှည်သီးနှံ ရော်ဘာနှင့် ဆီအုန်း စိုက်ပျိုးထုတ်လုပ်မှုအပြင် ဥယျာဉ်သီးနှံများအဖြစ် ဒူးရင်း၊ မင်းဂွတ်၊ ပိန္နဲ၊ ကြက်မောက်များ စိုက်ပျိုး ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးက တနင်္သာရီတိုင်းအတွင်း မြေလွတ်မြေရိုင်းများစွာ ကျန်ရှိနေသေးသဖြင့် နှစ်ရှည်ပင်နှင့် ဥယျာဉ်သီးနှံများကို တိုးချဲ့စိုက်ပျိုးသွားရေး ဆွေးနွေးမှာကြားပြီး ရော်ဘာ ကုန်ကြမ်းထုတ်လုပ်မှု အဆင့်ဆင့်အား ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မြိတ်မြို့ ကျောက်ဖျာကျေးရွာ အုပ်စု လှော့လှော့ကျေးရွာ သမုတ်မြစ်ဆားတွင် ဆောင်ရွက်လျက်ရှိသည့် ငါးလုပ်ငန်းဦးစီးဌာန၏ ဧက ၂၅၀တွင် ငါးယူနစ်ခွဲ၍ ရေငန်ပုစွန်မွေးမြူခြင်းစခန်းသို့ ရောက်ရှိပြီး တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းက ပုစွန်မွေးမြူရေးကန်များ ဖော်ထုတ်ပြီးစီးမှုနှင့် ၂၃-၈-၂၀၀၄မှ စတင်ထည့်သွင်းမွေးမြူနိုင်ခဲ့ပြီး ကုန်ချိန် ၃၇၃၀၀ ကီလိုကို နိုင်ငံခြားသို့ တင်ပို့ရောင်းချခဲ့ရာ ငွေကျပ် ၁၄၂၆ သိန်း ခုနစ်သောင်းရရှိခဲ့မှုနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်မည့် အခြေအနေတင်ပြချက်အပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ဖော်ယူပြီးစီးနေပြီဖြစ်သည့် ပုစွန်မွေးမြူရေးကန်များ၊ ဒုတိယအကြိမ် ဆက်လက်မွေးမြူနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

မဟာစည်သာသနာ့ရိပ်သာ ယဉ်ကျေးမှုသင်တန်း ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၆

၂၀၀၅ခုနှစ် မတ် ၉ ရက်မှ ဧပြီ ၉ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့သော မဟာစည် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်း၌ ဖြေဆိုအောင်မြင်ခဲ့ကြသော သင်တန်းသား၊ သင်တန်းသူများအား မေ ၂၂ ရက်(ကဆုန်လပြည့်နေ့)၌ အောင်လက်မှတ်နှင့် ဆုပေးပွဲကျင်းပမည်ဖြစ်ရာ ထိုနေ့ နံနက် ၁၁ နာရီထက်နောက် မကျဘဲ မဟာစည်သာသနာ့ရိပ်သာကြီးသို့ မပျက်မကွက်လာရောက်ကြရန် ဖိတ်ကြားထားသည်။

(က-ပ)

ကွက်ကျားမိုး ထစ်ချုန်းရွာဖွယ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။

ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

မိုးဦးကျနှင့် မိုးရာသီတွင်ဖြစ်ပွားတတ်သော ရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျရာသီတွင်အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။

(က) ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါများအပါအဝင် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ၊ အသည်းရောင် အသားဝါရောဂါနှင့် သန်ကောင်၊ တုပ်ကောင်ရောဂါများ။

(ခ) သွေးလွန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါ

(ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။

၂။ ဖြစ်ပွားရသည့်အကြောင်းရင်းမှာ-

(က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီး စသည့် သစ်သီးဝလံများ၏အခွံ၊ အစေ့ စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ပွား၍ ယင်ပေါများခြင်း။

(ခ) ရာသီစာ အမှည့်လွန်အသီးများကို စားသုံးခြင်း။

(ဂ) မိုးရွာပြီး ရေတင်၊ ရေဝပ်သဖြင့်ရေအိုင်၊ ရေဗွက်ဖြစ်၍ ရေမြောင်းပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းထူထပ်၍ ခြင်ပေါက်ပွားခြင်း။

(ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပက်ခြင်း။

(င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း။

(စ) ကျန်းမာရေးနှင့်ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့် အားနည်းခြင်း။

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါ ရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အမှည့်လွန်အသီးများကိုစားသုံးခြင်းမှ ရှောင်ကြဉ်ပါ။

(ခ) ယင်နားစာများကို မဆင်မခြင်စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။

(ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဃ) မိမိတို့မိသားစုအတွင်း ကျန်းမာရေးအသိပညာဖြန့်ဝေပါ။ လိုက်နာကျင့်သုံးပါ။

(င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက် နာဆောင်ရွက်ပါ။

(စ) ရေကို ကျိုချက်၍သောက်ပါ။

(ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ။

(ဇ) ရာသီဥတု၊ အပူအအေးအပြောင်းအလဲကို သတိရှိပါ။

(ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင်နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ။

(ည) ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့ပါ။

(ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက်ပြသစစ်ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ငယ်တံတား တည်ဆောက်မှုကြည့်ရှု မြို့ကြီးရေလှောင်တမံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင် စစ်ဆေး

ရန်ကုန် မေ ၁၆

မန္တလေးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၂ရက် နံနက် ၇နာရီတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မြစ်ငယ်မြစ်ကူးတံတား(မန္တလေး) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၂)မှ အင်ဂျင်နီယာမှူး ဦးစိုးမင်းက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိတပ်ဆင်ခြင်းနှင့် ဆေးသုတ်လုပ်ငန်းအပြီးသတ် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းမီ အမြန်ဆုံးပြီးစီးရေးနှင့် လိုအပ်သည်များကို မှာကြားစီမံဆောင်ရွက်ပေးပြီး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

မြစ်ငယ်တံတားမှာ အရှည်ပေ ၈၄၀၊ ယာဉ်သွားလမ်းအကျယ် ၇၂ပေနှင့် လူသွားလမ်းအကျယ် လေးပေစီ ပါရှိပြီး သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ်ပေ ၈၀ နှင့် အမြင့် ရှစ်ပေခွဲဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ခွင့်ပြုချိန် တန်ချိန် ၇၅ တန် ဖြစ်သည်။

ပင်းချားတံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ နံနက် ၈ နာရီတွင် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့ရှိ ပင်းချားတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ခရိုင်အင်ဂျင်နီယာမှူး ဦးမောင်မောင်လွင်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါပင်းချားတံတားမှာ ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ်(၄၀၉/၅)တွင် တည်ရှိပြီး အရှည် ၂၂၄ပေ၊ ယာဉ်သွားလမ်းအကျယ်ပေ ၂၀နှင့် လူသွားလမ်းအကျယ် သုံးပေစီ ပါရှိသည်။ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်သည်။

မြို့ကြီးရေလှောင်တမံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာကြပြီး နံနက် ၉ နာရီတွင် မိတ္ထီလာခရိုင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း၏ လုပ်ငန်းတစ်ခုဖြစ်သည့် ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု၊ စက်ယန္တရားရရှိမှုနှင့် အသုံးပြုမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိတ္ထီလာခရိုင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း၏ လုပ်ငန်းတစ်ခုဖြစ်ပြီး သားစဉ်မြေးဆက် နောင်အရှည် အကျိုးခံစားရရှိရေးကိုပါ တွက်ချက်၍ တာဝန်ရှိသူအဆင့်ဆင့်က ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ကြရေး၊ လုံ့လဝီရိယအင်တိုက် အားတိုက်အပြည့်အဝစိုက်ထုတ်ပြီး စီမံကိန်းလုပ်ငန်းကြီး သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် တီထွင်ကြံဆ ဆောင်ရွက်ကြရေး၊ ကင်းတားရေလွှဲဆည်သို့ ရေပေးပို့မှုစနစ်ကောင်းမွန်အောင် စီစဉ်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားကာ ဇော်ဂျီမြစ်၏ ရေစီးရေလာအခြေအနေ၊ ရေလှောင်တမံ အောက်ခြေ ရှင်းလင်းဆောင်ရွက်နေမှုအပါအဝင်စီမံကိန်းလုပ်ငန်းခွင်ကိုကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

နွေစပါးစိုက်ခင်း

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာကြပြီး နံနက် ၁၁ နာရီခွဲတွင် ကျောက်ဆည်ခရိုင် သစ်တပ်ကုန်းဆည်ရေသောက်ဧရိယာအတွင်း နွေစပါးအပါအဝင် သီးနှံစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းက သစ်တပ်ကုန်းမြောင်းသောက် DY 30 နှင့် TC မြောင်းများ၏ ရေသောက်ဧရိယာအတွင်း နွေစပါးအပါအဝင် သီးနှံများ စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က သစ်တပ်ကုန်းမြောင်းကို ရေရှည်ကောင်းမွန်ရေးအတွက် စီစဉ်ဆောင်ရွက်ရေး၊ ရေမရောက်သေးသည့် ဧရိယာများအတွက် ရေရောက်ရှိအောင် ဆောင်ရွက်ပြီး စိုက်ဧကတိုးချဲ့ရေး၊ မိုးစပါးဧက ၁၀သိန်း ပြည့်မီရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် သစ်တပ်ကုန်းဆည်ရေသောက် ဧရိယာအတွင်း အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးနှင့် နွေသီးနှံများ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

သစ်တပ်ကုန်းရေလွှဲဆည်သည် သီးနှံစိုက်ပျိုးရန် လျာထားဧက ၅၀၀၀ဧကအတွက် မြောင်းအလျားမိုင် ၁၅မိုင်ဖြင့် မူလကဆောင်ရွက်ခဲ့ရာ နိုင်ငံတော် အကြီးအကဲ၏လမ်းညွှန်ချက်အရ သီးနှံစိုက်ဧက ၆၀၀၀ဧက တိုးချဲ့၍ စုစုပေါင်း စိုက်ဧက ၁၁၀၀၀ဧက ရေသောက်နိုင်ရန် ထပ်မံ၍ မြောင်းအရှည် ၁၃မိုင်ကို တူးဖော်ဆောင်ရွက်နိုင်ခဲ့ပြီး တံတားဦးမြို့နယ် သူငယ်တော်ကန် ရေသောက်ဧရိယာများအထိပါ ရေရောက်ရှိဖြန့်ဝေပေးလျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပလိပ်မြို့သို့ရောက်ရှိပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပစ္စည်းဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ တမာပိုးသတ်ဆေးစက်ရုံ(ပလိပ်)သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ကြီးကြပ်ရေးမှူး ဒေါ်ရီရီမွန်က စက်ရုံ၏ ရင်းနှီးမြှုပ်နှံမှု၊ တမာပိုးသတ်ဆေးထုတ်လုပ်မှု အဆင့်ဆင့်၊ တမာပိုးသတ်ဆေးနှင့် ဘေးထွက်ပစ္စည်းများ အသုံးပြုပုံ၊ ထုတ်လုပ်နိုင်မှုစွမ်းအား ၂၀၀၄-၂၀၀၅ခုနှစ် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှု၊ ၂၀၀၅-၂၀၀၆ ခုနှစ် တမာစေ့ဝယ်ယူရန် လျာထားချက်နှင့် ပြည်ပသို့တင်ပို့နိုင်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စက်ရုံ၏ ကုန်ကြမ်းတမာစေ့ ဝယ်ယူရာတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးပြီး စက်ရုံအတွင်း တမာပိုးသတ်ဆေး ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆက်လက် ထွက်ခွာလာကြပြီး မြစ်ငယ်-ထုံးဘိုဖြတ်လမ်းရှိ လမ်းဘေးဝဲ/ယာတစ်လျှောက်တွင် အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးနှင့် နွေသီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာကြပြီး မန္တလေးမြို့ မြို့ပတ်လမ်း၏ လမ်းပိုင်းကြွခိုင်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မေ ၁၃ရက် နံနက် ၇နာရီတွင် မန္တလေးမြို့ရှိ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းကြပြီးဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်း တော်များ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မြန်မာ့လေကြောင်းဖြင့် ပြန်လည်ထွက်ခွာလာကြရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ကယားပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ (၂၀၀၅)ကျင်းပ

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ကယားပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ (၂၀၀၅) ကို မေ ၁၃ ရက် နံနက် ၈ နာရီခွဲတွင် ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် စည်းရုံးရေးလုပ်ငန်းအဖွဲ့ (၂) ခေါင်းဆောင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ကယားပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေ၊ ဗဟိုစည်းရုံးရေး ကော်မတီဝင် စည်းရုံးရေး လုပ်ငန်းအဖွဲ့(၂) အဖွဲ့ဝင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးကြီးခင်မောင်စိုး၊ လွိုင်ကော်တပ်နယ်မှ တပ်မတော်အရာရှိများ၊ ပြည်နယ်နှင့်ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အကြိုညီလာခံ ပထမပိုင်း သဘာပတိအဖြစ် ကယားပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှမြင့်ရွှေက ဆောင်ရွက်သည်။

အမှာစကား

အခမ်းအနားမှူးအဖြစ် အမှတ်(၇) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)မှ ဗိုလ်ကြီးမေဘယ်လ်သောင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဗိုလ်ဖြူစင်သန္တာထွန်းတို့က ဆောင်ရွက်ကြသည်။

ထို့နောက် သဘာပတိ ကယားပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေက အဖွင့်အမှာစကား ပြောကြားပြီး အကြိုညီလာခံ ၂၀၀၅ ပထမပိုင်းကို ခေတ္တရပ်နားသည်။

ဆောင်ရွက်

ယင်းနောက် အကြိုညီလာခံ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဗိုလ်မှူးကြီးသိန်းဟန် (အငြိမ်းစား)က ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင် (အငြိမ်းစား)နှင့် ဗိုလ်မှူးသိန်းလွင် (အငြိမ်းစား)တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိဗိုလ်မှူးကြီးသိန်းဟန်(အငြိမ်းစား)က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ကယားပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာကို ဗိုလ်ကြီးမောင်မောင်တာ (အငြိမ်းစား)နှင့် ဗိုလ်ကြီးမောင်မောင်သက် (အငြိမ်းစား)တို့က ဖတ်ကြားတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ကယားပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာပါလုပ်ငန်းကဏ္ဍကြီး(၅)ရပ်ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကယားပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အကြို ညီလာခံ(၂၀၀၅) က ချမှတ်မည့် ရှေ့လုပ်ငန်းစဉ်ငါးရပ်နှင့် ဆုံးဖြတ်ချက်များကို သဘာပတိက အကြိုညီလာခံသို့ တက် ရောက်လာကြသော ကိုယ်စားလှယ်များ၏ သဘောတူညီချက်ကို ရယူကာ အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အခမ်းအနားမှူးက ကယားပြည်နယ် စစ်မှုထမ်းဟောင်း၊ ကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ (၂၀၀၅)မှ ဆုံးဖြတ်ချက်နှစ်ရပ်၊အတည်ပြုချက်တစ်ရပ်နှင့် မှတ်တမ်းတင်ခြင်းငါးရပ်တို့ကို ဖတ်ကြား ကြေညာသည်။

ထို့နောက် သဘာပတိဗိုလ်မှူးကြီး သိန်းဟန်(အငြိမ်းစား)က နိဂုံးချုပ်စကားပြောကြားပြီး အကြိုညီလာခံ ကိုယ်စားလှယ်များက ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်ကြကာ ကယားပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ ၂၀၀၅ နံနက်ပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ် မော်လမြိုင်မြို့ ဒေါင်းဇရပ် ရပ်ကွက်၌ မော်လမြိုင်-မုဒုံ ကားလမ်းအောက်တွင် ရထားလမ်း ဥမင်လုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မော်လမြိုင်ဘူတာရုံသစ် တည်ဆောက်ရေးလုပ်ငန်းစစ်ဆေး ရော်ဘာပင်များကို တစ်နိုင်တစ်ပိုင်မှသည် တစ်အုပ်တစ်မအထိ စိုက်ပျိုးရေးမှာကြား

ရန်ကုန် မေ ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မေ ၈ ရက် နံနက်ပိုင်းတွင် ကျင်းပသော အစိုးရနည်းပညာကောလိပ်(မော်လမြိုင်)ပင်မသုံးထပ်စာသင်ဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိ ပုဂ္ဂိုလ်များလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက် သရက်ကုန်းရွာအနီးရှိ သရက်ကုန်းတောင် ဘူတာရုံသို့ ရောက်ရှိကြပြီး ဘူတာအနီး မိုင်တိုင်အမှတ်(၁၈၃/၂၁)ရှိ မော်လမြိုင်-ရေး ရထားလမ်းဟောင်းနှင့်အသစ် ဆက်စပ်ရထားလမ်းသစ်ဆုံရာ လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ရထားလမ်းနှင့် မြေသားလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် ဒေါင်းဇရပ် ရပ်ကွက်ရှိ မော်လမြိုင်-မုဒုံကားလမ်းအောက် ဥမင်တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရထားလမ်းဖောက်လုပ်ပြီးစီးမှုနှင့် ကားလမ်းအောက် ဥမင်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက လိုက်လံရှင်းလင်းပြသသည်။

မော်လမြိုင်-ရေး ကားလမ်းမကြီး၏အောက်တွင် လိုဏ်ခေါင်းဖြင့် ရထားဝင်၊ ထွက်သွားလာနိုင်ရေးအတွက် အဆိုပါလမ်း၏တစ်ဝက်ကိုလိုဏ်ခေါင်းအဖြစ် တူးဖော်ဆောင်ရွက် ပြီးစီးနေပြီး ကျန်တစ်ဝက်လမ်းပိုင်းကို လိုဏ်ခေါင်းဆင့်၍ ပုံစံရိုက်ကာ ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေပြီဖြစ်သည်။ လိုဏ်ခေါင်းလုပ်ငန်းအားလုံးကို မေ ၁၅ ရက်တွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် သံလွင်တံတား (မော်လမြိုင်) ချဉ်းကပ်ရထားလမ်း တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဒုတိယဝန်ကြီးဦးဖေသန်းက သံလွင်တံတားလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်ရေး၊ ယာဒ်ဝင်းအပြင်တွင် ကားလမ်းများ ဖောက်လုပ်ထားရှိရေး၊ စိမ်းလန်းစိုပြည်သာယာလှပမှုရှိရေးအတွက် သစ်ပင်များ စိုက်ပျိုးရေးနှင့် ခရီးသည်တင်ယာဉ်ရပ်နား စခန်းထားရှိရေးတို့ပါ ဆောင်ရွက်ထားရှိရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် တည်ဆောက်ဆဲ မော်လမြိုင်ဘူတာရုံသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် ဟုမ်းတောက်ကုမ္ပဏီက တာဝန်ယူ တည်ဆောက်နေသည့် အဝေးပြေးယာဉ်ရပ်နားစခန်း (မော်လမြိုင်) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ကုမ္ပဏီဒါရိုက်တာ ဦးလှမြင့်က စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ဒိုင်းဝန်ကွင်းအောက် ကျင်းရပ်ကွက်ရှိ မော်လမြိုင်ဘူတာရုံသစ်သို့သွားမည့် ချဉ်းကပ်ရထားလမ်းတံတားတည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ဘိုးပိုင်တိုင်များ တည်ဆောက် ပြီးစီးမှုနှင့် လုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်အဖွဲ့ဝင်များသည် သံလွင်တံတား(မော်လမြိုင်)သို့ ရောက်ရှိကြပြီး မော်လမြိုင်ဘက်ခြမ်း ချဉ်းကပ်ရထားလမ်း တံတားအတွက် ဘိုးပိုင်တိုင်များ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မော်လမြိုင်ဘက်ခြမ်း စီမံကိန်း(တာဝန်ခံ) အင်ဂျင်နီယာ ဦးတင့်လွင်နှင့် မုတ္တမဘက်ခြမ်း စီမံကိန်း(တာဝန်ခံ)အင်ဂျင်နီယာ ဦးမျိုးဝင်းတို့က ရှင်းလင်းပြသကြသည်။

ဆက်လက်၍ မုတ္တမဘက်ခြမ်းသို့ ရောက်ရှိကြပြီး သံလွင်တံတား (မော်လမြိုင်)ပေါ်မှ နေ၍ မုတ္တမဘက်ခြမ်းမှ သံလွင်တံတား (မော်လမြိုင်)အထိ ချဉ်းကပ်ရထားလမ်း တံတားအတွက် ဘိုးပိုင်တိုင်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ပင်မတံတားအပေါ် သံလမ်းခင်းခြင်းလုပ်ငန်းနှင့် ချဉ်းကပ်ရထားလမ်းတံတားများ အချိန်မီ ပြီးစီးရေး တာဝန်ရှိသူ အဆင့်ဆင့်တို့က ကြပ်မတ်ဆောင်ရွက် လုပ်ကိုင်ကြရန် မှာကြားသည်။

ဖြတ်သန်းကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် သံလွင်တံတား(မော်လမြိုင်)၏ ခုံသားထည်ဝါမှုနှင့် ပင်မတံတားအပေါ် သံလမ်းခင်းခြင်းလုပ်ငန်းများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

မော်လမြိုင် ဘူတာရုံသစ်တွင် ရထားသံလမ်း ၁၉ လမ်းခင်းရန် ရှိသည်။ ယခုအခါ သံလမ်းခြောက်လမ်းကို စတင်ခင်းနေသည့်အနက် ငါးလမ်းမှာ ပြီးစီးနေပြီး ကျန်တစ်လမ်းကို မေ ၁၂ ရက်တွင် အပြီးသတ် ခင်းမည်ဟု သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့မှ ထွက်ခွာ၍ သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာရှိ ရေစက်တောင် ရော်ဘာခြံသို့ရောက်ရှိကြရာ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌနှင့် Asian Rubber International Ltd. ရော်ဘာခြံပိုင်ရှင် ဦးအောင်မြင့်ထူးက မြေ ၇၅၈ ဧကရှိသည့်အနက် ရော်ဘာစိုက်ပျိုးဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးအောင်မြင့်ထူး၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် အထွေထွေအတွင်းရေးမှူး ဦးခိုင်ဝင်းတို့က တက်ရောက်လာကြသည့် သံဖြူဇရပ်မြို့နယ် ကျုံကဒတ်၊ ပဒံငံ၊ ကရင်သောင်၊ ကွမ်သတ်၊ စက်စဲ ကျေးရွာအုပ်စုများမှ ရော်ဘာခြံလုပ်ငန်းရှင်များအား ရော်ဘာစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးနှင့် ခြံလုပ်ငန်းရှင်များအား လိုအပ်သောနည်းပညာများ အကူအညီပေးမည့် အခြေအနေ၊ မြန်မာတစ်နိုင်ငံလုံးတွင် ရော်ဘာစိုက်ပျိုးလုပ်ကိုင်သော နေရာဒေသများသို့ သွားရောက်၍ ပညာပေးဟောပြောမည့် အစီအစဉ်နှင့် ကမ္ဘာ့ဈေးကွက်တွင် ရောင်းပန်းလှ၍ ဝင်ငွေကောင်းသည့် ရော်ဘာခြံစိုက်ပျိုးခြင်း၏ ရလဒ်ကျေးဇူးများကို ဟောပြောဆွေးနွေးကြသည်။

ယင်းနောက် ခြံပိုင်ရှင် ဦးအောင်မြင့်ထူးက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်းဖြင့် အရည်အသွေးကောင်းသော ရော်ဘာအစိမ်းပြားထွက်ရှိမှုများကို ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တက်ရောက်လာကြသော ကျေးရွာအုပ်စုများမှ ခြံလုပ်ငန်းရှင်များအား ပြသသည်။

ထို့နောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အထွေထွေ မန်နေဂျာ ဦးတင်ငွေက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရန် လိုအပ်မှု၊ ကွန်တိုစိုက်ခြင်းဖြင့် ရရှိခံစားရမည့် အကျိုးအမြတ်၊ ရော်ဘာပျိုးပင်နှင့် စိုက်ပျိုးရန် နည်းစနစ်များ၊ ဖြန့်ဝေကူညီပေးနိုင်မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဒေသခံကျေးရွာအုပ်စုများမှ ခြံလုပ်ငန်းရှင်များအား မှာကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မွန်ပြည်နယ်၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသော ရော်ဘာပင်များကို တစ်နိုင်တစ်ပိုင်မှသည် တစ်အုပ်တစ်မအထိ စိုက်ပျိုးကြစေလိုကြောင်း၊ ပြည်တွင်းပြည်ပတွင် ဈေးကွက်ရှိသည့် ရော်ဘာကို မိမိအကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးအတွက် စိုက်ပျိုးသွားကြရန်လိုကြောင်း၊ လိုအပ်သော ပျိုးပင်နှင့် နည်းပညာများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပံ့ပိုးကူညီပေးမည်ဖြစ်သဖြင့် မွန်ပြည်နယ်သည် ရော်ဘာစိုက်ပျိုးဖြစ်ထွန်းသော ပြည်နယ်ဖြစ်လာမှာ မလွဲဧကန်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ဒေသခံ ရော်ဘာစိုက်ခြံလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ တက်ရောက်လာသည့် ကျုံကဒတ်ကျေးရွာမှ ရော်ဘာခြံလုပ်ငန်းရှင် ဦးမြင့်ကြည်က ရော်ဘာတိုးချဲ့လုပ်ကိုင်ရန် မြေနေရာရရှိလိုမှုနှင့် ဓာတ်မြေဩဇာရရှိလိုမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် ရေစက်တောင် ရော်ဘာခြံရှိ ကုန်းမြင့်ကွန်တိုရော်ဘာစိုက်ကွက်များကို လည်းကောင်း၊ မြေပြန့်တွင် သဘာဝစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးထားသော ရော်ဘာစိုက်ကွက်များကို လည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ရော်ဘာကြိတ်စက်ရုံ၌ ရော်ဘာအစေးမှ ရော်ဘာအစိမ်းပြားပြုလုပ်မှု လုပ်ငန်းများကိုလည်းကောင်း၊ စက်ရုံမှ ထွက်ရှိသည့် ရော်ဘာအစိမ်းပြားများကို နေလှန်းရေစစ်ထားရှိမှုကို လည်းကောင်း၊ မှိုင်းခံရုံကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး ကျုံကဒတ်ကျေးရွာမှ ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၆

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ရက် နံနက် ၉နာရီတွင် မော်လမြိုင်မြို့ မွန်ပြည်နယ်မီးသတ်ဦးစီးဌာနတွင်ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှ၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ မွန်ပြည်နယ် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ၁၀ မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၅ခုနှစ် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၀၄-၂၀၀၅ခုနှစ် ပြည်နယ်/တိုင်းအလိုက် လေ့ကျင့်ရေးထူးချွန်ဆုရရှိသော မွန်ပြည်နယ် မီးသတ်ဦးစီးဌာနအား ဂုဏ်ပြုဆုငွေကို မွန်ပြည်နယ် မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှကလည်းကောင်း၊ ၂၀၀၅ခုနှစ် (ဗဟိုအဆင့်) ပြည်နယ်/တိုင်းအလိုက် မီးသတ်ကျင့်ဝတ်ပြိုင်ပွဲဆုရရှိသူများ၊ ဘက်စုံဆုရ မီးသတ်တပ်စခန်းများအား ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်နှင့် တာဝန်ရှိသူများကလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် မီးသတ်တပ်ဖွဲ့ဝင်များ၏ အသက်ကယ်စွမ်းရည်နှင့် မီးငြိမ်းသတ်ရေးစွမ်းရည်များ သရုပ်ပြသမှုများကို ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

အစဉ်သတိပြုကာကွယ်
မီးဘေးအန္တရာယ်

သစ်တောဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တနင်္သာရီတိုင်း၌ လုပ်ငန်းများစစ်ဆေး

ရန်ကုန် မေ ၁၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် တနင်္သာရီတိုင်းအတွင်း သစ်ပါးလွှာ စက်ရုံ၊ အထပ်သားစက်ရုံများ တည်ဆောက်ရန်အတွက် မြေနေရာ ရွေးချယ်ရန်လှည့်လည်ကြည့်ရှုခဲ့သည်။

မေ ၁၅ ရက် ညနေပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် တနင်္သာရီမြို့နယ် မော်တုံးကျေးရွာအနီးရှိ မြေနေရာသို့လည်းကောင်း၊ တနင်္သာရီ-ကော့သောင်းကားလမ်း မိုင်တိုင်အမှတ်(၂/၅၂)ရှိ လယ်တောင်ယာ ကျေးရွာအနီး မြေနေရာသို့လည်းကောင်း၊ စင်ကိုနာ စိုက်ခင်းရှိ မြေနေရာသို့လည်းကောင်း ရောက်ရှိခဲ့ပြီး စက်ရုံတည်ဆောက်ရန် မြေနေရာအား ရွေးချယ်ခဲ့သည်။

စင်ကိုနာစိုက်ခင်း

ထို့နောက် ဝန်ကြီးသည် စင်ကိုနာ စိုက်ခင်းပျိုးဥယျာဉ်ရှိဧက၁၀၀ စိုက်ခင်းအတွက် စင်ကိုနာပျိုးပင်များပျိုးထောင်ထားရှိမှု၊ စိုက်ပျိုးထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး၍ စိုက်ခင်းများ အောင်မြင်မှုရရှိရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား စနစ်တကျ ဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

မေ ၁၆ ရက် နံနက်ပိုင်းတွင် ဝန်ကြီးသည် မြိတ်မြို့ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးက ဝန်ကြီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းများအား စနစ်တကျ လိုက်နာဆောင်ရွက်သွားရေးနှင့် လျာထားချက်များ ပြည့်မီအောင် ဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

အထပ်သားစက်ရုံ

ထိုမှတစ်ဆင့် မြိတ်စက်မှုဇုန်ရှိ မြိတ်အထပ်သားစက်ရုံသို့ ရောက်ရှိလာရာ တာဝန်ခံများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း သစ်ပါးလွှာများ ထုတ်လုပ်မှု အဆင့်ဆင့်အားလည်းကောင်း၊ ပြည်ပပို့ရန် ထုပ်ပိုးပြီးစီးမှု အခြေအနေများအား လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

တင်ပို့ရောင်းချ

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ကျွန်းစုမြို့နယ်ရှိ ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်၏ သစ်ခွဲစက်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် အထပ်သားစက်ရုံ တည်ဆောက်မှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအားညှိနှိုင်းဖြည့်ဆည်းပေးသည်။ အဆိုပါ သစ်ခွဲစက်မှ အုပ်စု ၄၊ ၅ အခြားသား ခွဲသားများအား ပြည်ပသို့ တင်ပို့ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ သုဓမ္မာလမ်း အမှတ်(၈၂)နေ ကွယ်လွန်သူ ဖခင်ကြီး ဦးမောင်မောင်ဆင် ခုနစ်နှစ်မြောက်အား ရည်စူး၍ ဇနီး ဒေါ်ခင်စောရီ၊ သား ဦး မောင်မောင်အောင်၊ ဒေါ်နှင်းယုသောင်း၊ မြေး မောင်ဉာဏ်လင်းထက်၊ မအင်ကြင်းခိုင်တို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မြန်မာသီရိလင်္ကာရာမကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် မေ ၁၆

နိုင်ငံတော် သြဝါဒါစရိယ ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မြန်မာသီရိလင်္ကာရာမကျောင်းတိုက်မှ ပဓာနနာယက ဆရာတော် သက်တော်(၉၁)နှစ်၊သိက္ခာတော်(၇၁)ဝါရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ မဟာထေရ် ဆရာတော်ကြီးသည် ၁၃၆၇ခုနှစ် ကဆုန်လဆန်း ၈ရက်၊ မေ ၁၅ရက် (တနင်္ဂနွေနေ့) ည ၉နာရီ၁၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားရာ ၁၃၆၇ခုနှစ် ကဆုန်လဆန်း ၁၄ရက်၊ မေ ၂၁ရက် (စနေနေ့)မွန်းတည့် ၁၂နာရီတွင် အထက်ပါ ကျောင်းတိုက်၌ အန္တိမဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာတရားပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၆

မန္တလေးမြို့ ဘုရားကြီးစာတိုက်ကွေ့အနီး သာသနာ့၂၅၀၀ဓမ္မာရုံ၌ ရန်ကုန်တိုင်း သာကေတမြို့ အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၏ ကမ္မဋ္ဌာနာစရိယ၊နယ်လှည့်ဓမ္မကထိက အောင်စကြာအရှင်စန္ဒသိရီ(ဓမ္မာစရိယ) အရှင်သူမြတ်သည် စံပြစက်မှုလုပ်ငန်း၊ ကြည့်ရှုရေပန့်နှင့် မြင့်ကိုကို ကားအပိုပစ္စည်းရောင်းဝယ်ရေး၊ ဦးမြကြီးနှင့် ညီ၊ညီမများ လှူဒါန်းကျင်းပသော မိုးကုတ်ဝိပဿနာတရားပွဲ၌ မေ ၁၇ ရက်မှ ၁၉ရက်ထိ သစ္စာလေးပါးတရားတော်များကို ညစဉ် ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အောင်မေတ္တာကုမ္ပဏီ လီမိတက်၏ ကုန်ပစ္စည်း မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၆

မြန်မာပြည်တွင် ပထမဦးဆုံး ဘောလ်ပင်နှင့် စာရေးကိရိယာ ပစ္စည်းများကို Export ပြုလုပ်နိုင်သည်အထိ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေသော အောင်မေတ္တာ ကုမ္ပဏီလီမိတက်၏ ကုန်ပစ္စည်းမိတ်ဆက်ပွဲနှင့်နှစ်ပတ်လည် မိတ်ဆုံစားပွဲကို မေ ၁၅ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ အရောင်းကိုယ်စားလှယ်များ၊ အရောင်းထူးချွန်ဆုရ ပြည်ပခရီးစဉ်သို့ သွားရောက်လည်ပတ်ခွင့်ရသူများ၊ အောင်မေတ္တာ ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အောင်မေတ္တာ ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသိန်းအောင်က အောင်မေတ္တာကုမ္ပဏီလီမိတက်သည် (Super Reynold) ဘောလ်ပင်၊ (Noti) မင်စို ဘောလ်ပင်၊ (Noti) မင်ဖျက်ဆေး၊ ခဲတံ ဘောလ်ပင်နှင့် ခဲတံများကို ပြည်တွင်း၌ ထုတ်လုပ်ပြီး ပြည်ပသို့ လည်းတင်ပို့ ရောင်းချလျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ပရိသတ်များအား ကုမ္ပဏီမှထုတ်လုပ်သည့် ကုန်ပစ္စည်း အမယ်သစ်(အမည်သစ်) များဖြင့် မိတ်ဆက်ပေးသည်။

ယင်းနောက် အောင်မေတ္တာကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးကြည်မင်းက ကုမ္ပဏီမှ ထုတ်လုပ်သည့် စာရေးကိရိယာများ၏ အရည်အသွေးကို ရှင်းလင်းပြောကြားပြီး ကံစမ်းမဲရရှိသူများနှင့် အရောင်းထူးချွန်ဆုရရှိကြသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် နှစ်ပတ်လည် မိတ်ဆုံစားပွဲကို ကျင်းပပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်သြဝါဒါစရိယ ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မြန်မာသီရိလင်္ကာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်း၊သန်လျင်မြို့၊မြို့ဟောင်းရပ်ကွက်၊ ခမည်းတော် ဦးစံသူ၊ မယ်တော်ဒေါ်ဖွားရှင်တို့မှ ၁၂၇၆ခုနှစ် ဝါဆိုလပြည့်ကျော်(၁)ရက် (အင်္ဂါနေ့)တွင် ဖွားမြင်တော်မူသော တစ်ဦးတည်းသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းအဖြစ်သို့ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၂ ခုနှစ် ကဆုန်လဆန်း(၁)ရက် (တနင်္ဂနွေနေ့)တွင် သန်လျင်မြို့၊ ပထမ ဘုံပျံဆရာတော်ကြီး ဘဒ္ဒန္တသုဇာတကိုဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ၁၂၉၆ ခုနှစ် နယုန်လဆန်း(၁၀)ရက် (အင်္ဂါနေ့)တွင် ခရမ်းမြို့ ဓမ္မိကာရာမ ရွှေကျောင်းသစ်တိုက်၊ ခဏ္ဍသိမ်၌ ပထမ ဆရာတော် ဘဒ္ဒန္တနန္ဒိယကို ဥပဇ္ဈာယ်ပြု၍ ခရမ်းမြို့ ဦးတင်-ဒေါ်စုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် သန်လျင်မြို့ ဘုံပျံကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကဝိ၊ ဘဒ္ဒန္တပညာ၊ ခရမ်းမြို့ ဓမ္မိကာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ ဘဒ္ဒန္တဥေယျ၊ ဘဒ္ဒန္တဣန္ဒာသဘ၊ ဘဒ္ဒန္တပုည၊ ဘဒ္ဒန္တပညာဝ၊ ကျိုက်လတ်မြို့နယ်၊ ပစ္ဆိမာရုံကျောင်းတိုက် သတ္တာမြောက် ရွှေကျောင်းသာသနာပိုင် ဘဒ္ဒန္တကေလာသစသော ဆရာတော်တို့ထံ၌ ပိဋကတ်စာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ခရမ်းမြို့ မဟာဓမ္မိကာရာမကျောင်းတိုက်၌လည်းကောင်း၊ သီရိလင်္ကာနိုင်ငံ ကိုလံဘို၊ ကန္ဒီ၊ ဂေါလ်မြို့စသည်တို့၌ လည်းကောင်း၊ တာမွေမြို့နယ် မြန်မာသီရိလင်္ကာ ကျောင်းတိုက်၌လည်းကောင်း တပည့်ရဟန်းသာမဏေတို့အား ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူခဲ့ပြီး ယမိုက်(၁၀)ကျမ်း၊ အရကောက် ပဋ္ဌာန်းနယူပဒေသကျမ်းစသည်တို့ကို သီဟိုဠ်ဘာသာပြန်ဆိုတော်မူ၍လည်းကောင်း၊ ရွှေကျင်ဂိုဏ်း ရတ္တညူ မဟာနာယက နိုင်ငံတော်သြဝါဒါစရိယ အဖြစ်ဖြင့်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသည့် လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိ ဝိသာရဒစသော ဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒအား ၁၉၉၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော် (၉၁)နှစ် သိက္ခာတော် (၇၁)ဝါ အရ ၁၃၆၇ခုနှစ်၊ ကဆုန်လဆန်း (၈)ရက် ၂၀၀၅ ခုနှစ် မေလ ၁၅ ရက် (တနင်္ဂနွေနေ့) ည ၉နာရီ၁၅မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

မြန်မာပြည်တွင် ပထမဆုံး ဘောလ်ပင်နှင့် စာရေးကိရိယာ ပစ္စည်းများကို Export ပြုလုပ်နိုင်သည်အထိ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့် အောင်မေတ္တာကုမ္ပဏီလီမိတက်၏ ကုန်ပစ္စည်းမိတ်ဆက်ပွဲနှင့် နှစ်ပတ်လည်မိတ်ဆုံစားပွဲတွင် မန်နေဂျင်းဒါရိုက်တာ ဦးသိန်းအောင်က ကုမ္ပဏီမှထုတ်လုပ်သည့် ကုန်ပစ္စည်းအမယ်သစ်(အမည်သစ်)များဖြင့် မိတ်ဆက်ပေးစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၅-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆို
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- ၅:၀၀ ၇။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် – Essentials of a Valid Contract. (ဒုတိယနှစ်-ဥပဒေအထူးပြု)**
- ၅:၂၅ ၈။ ပညာခေတ်
- ၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ၂၄နာရီ (အပိုင်း-၂)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ကျန်းမာသုတအစီအစဉ်
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မြိုင်ဟောဝန်ကသိုင်းလုလင် အပိုင်း (၁၉)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ဆားလင်းကြီး ချည်မျှင်နှင့်အထည်စက်ရုံ(စီမံကိန်း)နှင့် မုံရွာမြို့ စက်မှုဇုန်တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် မေ ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၃ရက် နံနက်ပိုင်းတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဆားလင်းကြီး ချည်မျှင်နှင့် အထည်စက်ရုံ (စီမံကိန်း)သို့ ရောက်ရှိရာ စက်ရုံစီမံကိန်းတာဝန်ခံ ဦးခင်မောင်က စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှု၊ ကုန်ထုတ်စက်များ တပ်ဆင်ပြီးစီးမှု၊ ရေနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားမှု၊ အဆောက်အအုံနှင့် စက်တပ်ဆင်မှုလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် စက်ရုံအတွင်း စက်များတပ်ဆင်ပြီးစီးမှုနှင့် ကုန်ကြမ်း နှင့် ကုန်ချော သိုလှောင်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

ထူးခြားသည့် နေ့အပူချိန်များ

(၁၆-၅-၂၀၀၅)

မကွေး
၄၅ ဒီဂရီစင်တီဂရိတ်
(၁၁၃ ဒီဂရီဖာရင်ဟိုက်)

မင်းဘူးနှင့် ပခုက္ကူ
၄၄ ဒီဂရီစင်တီဂရိတ်
(၁၀၉ဒီဂရီဖာရင်ဟိုက်)

မှတ်သားဖွယ်ရာ မိုးရေချိန်

(၁၆-၅-၂၀၀၅)

ကော့သောင်း
၁ ဒသမ ၂၆ လက်မ

မိမိတို့နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး တက်တက်ကြွကြွ ပါဝင်ဆောင်ရွက် ဖွံ့ဖြိုးတိုးတက်မှုအပေါ် မနာလိုမရှုဆိတ်သည့် အဖျက်သမားများ၏ လုပ်ရပ်ကို ပြည်သူများနှင့်လက်တွဲ၍ ပူးပေါင်းကာကွယ်တွန်းလှန်

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မြောင်းမြမြို့နယ် ဗမော်သုံးခွ လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

ရန်ကုန် မေ ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၄ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ဗမော်သုံးခွဒေသ၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက မြောင်းမြမြစ်၏ ရေအရင်းအမြစ်ကို အသုံးချ၍ စိုက်ပျိုးရေ ပေးဝေရန်ဆောင်ရွက်နေသည့် ဗမော်သုံးခွ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိပြီး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးအား ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံက လုပ်ငန်းများ ဆောင်ရွက်ထားမှုများကို မြေပုံကားချပ်များနှင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် စိုက်ပျိုးရေပေးဝေမည့် အစီအစဉ်များကို မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးကြည်ထွဋ်ဝင်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးဝင်းရွှေတို့နှင့် ဆွေးနွေးညှိနှိုင်းသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေတင်စက်ရုံနှင့် လျှပ်စစ်မြစ်ရေတင် ရေပေးမှု၊ ရေပေးတူးမြောင်းများ ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေး သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❒

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျောင်းသုံး ဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်း အဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တကောင်း ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် မေ ၁၆

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ မန္တလေးတိုင်း တကောင်းတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၅ခုနှစ် မေ ၅ရက်တွင် လုပ်ငန်းများ ပြီးစီးပြီးဖြစ်သည်။

အဆိုပါစက်ရုံမှ လွှင့်အား (၁၀)ဝပ်၊ လှိုင်းနံပါတ် (၆)ဖြင့် မေ ၆ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။

(သတင်းစဉ်)

ကျောင်းသုံးစာအုပ်များ ကျောင်းမဖွင့်မီ ကျောင်းသား၊ကျောင်းသူများလက်ထဲသို့ လွယ်လွယ်ကူကူ ဈေးနှုန်းမှန်မှန်ဖြင့်ရောက်ရှိရေး မပြတ်မနေဆောင်ရွက်

ရန်ကုန် မေ ၁၆

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❁